www.burmeseclassic.com

# တာရာမင်းဝေ

BURMESE CLASSIC

# မနက်ဖြန်ခါမှာ ထားခဲ့တဲ့မျက်နှာ

www.burmeseclassic.com

design : bo bo htoon

www.burmeseclassic.com

## နိုင်ငံ့အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ငါတို့စာပေ
Ph: 721345, 559773

## ထွက်ရှိပြီးစာအုပ်များ

၁။ ကြယ်ကိုးစင်းနဲ့လင်းတဲ့ကောင်းကင် — ကလောင်စုံ
၂။ ပန်းခေတ်ကလမင်း — တာရာမင်းဝေ
၃။ လူငယ်တစ်ယောက်ရဲ့ကျောက်ထွင်းရာဇဝင် — တာရာမင်းဝေ
၄။ သမုဒ္ဒရာအကြောင်းဖတ်စာ — မင်းခိုက်စိုးစန်
၅။ ကျွန်တော်နှင့်လက်တွဲဖော်များ — နီကိုရဲ
၆။ ဂင်းနစ်ကမ္ဘာ့စံချိန်များ(၂၀၀၄) — တာရာလင်းနွယ်
၇။ သူတို့ပျော်ကြလေပြီ — မင်းလူ
၈။ ဘာမှမတတ်နိုင်ဘူး — မင်းလူ
၉။ သူဆံပင်နှင်းဆီပွင့်တွေနဲ့ — မင်းလူ
၁၀။ အလွမ်း၌ချစ်စေသတည်း — မင်းလူ
၁၁။ ရယ်မောခြင်းလက်ကျန် — မင်းလူ
၁၂။ မှူဦးဖြောင့်၏ဓရိယာ — တာရာမင်းဝေ
၁၃။ စက္ကူပေါ်ကသစ်ပင် — သစ္စာနီ
၁၄။ ကျွန်းတော်မှအပြန် — တာရာမင်းဝေ
၁၅။ သူငယ်ချင်းတစ်ယောက်အကြောင်း — မင်းလူ
၁၆။ ကြယ်စုံသစ်ပင် — မင်းလူ၊တာရာမင်းဝေ၊လွန်းဆက်နိုးမြတ်
၁၇။ မနက်ဖြန်ခါမှာထားခဲ့တဲ့မှတ်စု — တာရာမင်းဝေ

**Next Coming**

# လွန်းဆက်နိုးမြတ်

အ က် စ် ည အ ယ် လ် ဘ မ်

လုံးချင်းဝတ္ထုသစ် — နိုဝင်ဘာလ ထွက်မည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၁၂၃၅၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၁၂၀၈၀၆၁၀

ပုံနှိပ်ခြင်း ။ ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၀၆။

ထုတ်ဝေသူ

ဦးစန်းမွန်အောင်
(ငါတို့စာပေ)
**75(D)**၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
ဘိုဘိုထွန်း

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော်
(စွယ်တော်ပုံနှိပ်တိုက်)
အမှတ်(၁၄၇)၊ ၅၁-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ
၅၀၀

တန်ဖိုး ။ ၁၅၀၀ ကျပ်

BURMESE CLASSIC

# တာရာမင်းဝေ

## မနက်ဖြန်ခါမှာ ထားခဲ့တဲ့ မျက်နှာ

**Ngartoisarypay ။ Yangon**

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | လူနှင့်အိပ်မက်တိတ္တိုကျမ်း | ၉ |
| ၂။ | လူနှင့်အသနအကန်း | ၂၁ |
| ၃။ | လူနှင့်လေ့လာရေး | ၃၃ |
| ၄။ | လူနှင့်ကမ္ဘာပတ်လမ်း | ၄၅ |
| ၅။ | လူနှင့် လောကဏ်ဖြတ်ပိုင်းတစ်ခု | ၅၇ |
| ၆။ | လူနှင့် နွေရာသီဂီတ | ၆၅ |
| ၇။ | လူနှင့် ဦးနှောက် | ၇၉ |
| ၈။ | လူနှင့် မျက်လုံး | ၉၁ |
| ၉။ | လူနှင့် အလင်းတန်း | ၁၀၃ |
| ၁၀။ | လူနှင့် လေယာဉ်ပျံ | ၁၁၇ |
| ၁၁။ | လူနှင့် ကံကြမ္မာမီးလှုံ့တဲ့ပြဇာတ် | ၁၂၅ |
| ၁၂။ | လူနှင့် သမ္မာကျမ်းစာ | ၁၃၁ |




လေးစားရပါသော စာရှုသူခင်ဗျား

ဒီစာအုပ်ထဲမှာ ကျွန်တော့်ဝတ္ထုတိုလေးတွေ ပါဝင်ပါတယ်။ ဝတ္ထုတိုစုစည်းမှုထဲမှာ ဝတ္ထုလေးတွေပါတာ ဘာဖြစ်သလဲလို့ မေးစရာ ရှိပါတယ်။ အကြောင်းရင်းက ဒီလိုပါ။

ဝတ္ထုတိုတွေကို ကျွန်တော် ရေးစဉ်က အစုသုံးစုခွဲပြီး ရေးခဲ့ပါတယ်။

(၁) လူနှင့် ... ... (ဥပမာ လူနှင့်နွေရာသီဂီတ)

(၂) ကျွန်တော်နှင့် ... ... (ဥပမာ ကျွန်တော်နှင့်အိပ်မက်ကလေး)

(၃) အလွတ်အုပ်စု ... ... (ဥပမာ စားသွားပေါ်မှာကတဲ့ဆပ်ကပ်)

အဲဒီလိုမျိုးတွေ ဖြစ်ပါတယ်။

နောက်ပိုင်းဝတ္ထုတိုတွေ အရေးများလာတော့ စာမူတွေ ပြန့်ကျဲလာပါတယ်။ ကျွန်တော့်ကျန်းမာရေးကလည်း မကောင်းတော့

www.burmeseclassic.com



အလျှင်မီအောင် မရေးနိုင်ခဲ့ပါဘူး။ ပျောက်တာတွေလည်း ပျောက်ကုန်ပါတယ်။

အခု — ငါတို့စာပေဘောညီလေး စန်းမွန်အောင်က "လူနှင့် ...." အပိုင်းကို သူ စုဆောင်းရသမျှ ထုတ်ဝေဖို့ စီစဉ်ပါတယ်။ "လူနှင့် ...." အပိုင်းနဲ့ ပတ်သက်ရင် ဒီစာအုပ်ထဲမှာ ဝတ္ထုတွေမကုန်သေးပါဘူး။ လိုပါသေးတယ်။ ဒါပေမယ့် ရှိသမျှကိုပဲ အရင်စုပြီး စာအုပ်ထုတ်လိုက်ပါတယ်။

နောက်တစ်ခါ ဒီစာအုပ်ထဲက ဝတ္ထုတိုလေးတွေဟာ ဟိုနေရာ ဒီနေရာမှာ စာရှုသူ ဖတ်ပြီးသားဖြစ်နေနိုင်ပါတယ်။ အဲဒါကို သည်းခံခွင့်လွှတ်ပေးကြပါ။ ကျွန်တော် ကျန်းမာရေးကောင်းတာနဲ့ စာတွေအများကြီးပြန်ရေးဖြစ်မှာပါ။

လေးစားစွာ

တာရာမင်းဝေ

# လူ နှင့် အိပ်မက်တိတ္တံ့ကျမ်း

www.burmeseclassic.com

www.burmeseclassic.com



(၁)

ခါတိုင်းလို သာမန်နံနက်ခင်းတစ်ခုမှာပဲ ဖြစ်၏။ ပေါင်မုန့်မီးကင်တစ်ချပ်ကို လက်ဖက်ရည်နှင့် သုံးဆောင်ပြီးနောက် သူ သတင်းစာ ဖတ်လေသည်။

တစ်နေရာအရောက်တွင် သူ မျက်လုံးဝိုင်းသွား၏။

"ဟင် ..."

နှုတ်မှလည်း အံ့ဩတကြီး ရေရွတ်မိသည်။

"ဘယ်လိုများ ဖြစ်ရတာပါလိမ့်"

သတင်းစာထဲမှာ သူ ဖတ်လိုက်ရသည်က သူ၏ နာရေးကြော်ငြာ ဖြစ်သည်။ အမည်၊ အသက်၊ ရာထူးဂုဏ်အင် အကုန် မှန်ကန်သည်။ လိပ်စာကလည်း အတိအကျ။

"ဟ ... ငါ သေသွားပါရောလား"

အံ့ဩရသည်မှာ အမှန်ဖြစ်၏။

"ငါ ဘယ်လိုဖြစ်လို့ သေသွားရပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကိုလည်း သူ မသိချေ။ ထို့ကြောင့် ...

"ခြောမ်ပါဘူး — နည်းနည်းတော့ ထွက်စုံစမ်းဦးမှပါပဲ"

နံရံတွင် ထောင်ထားသော တုတ်ကောက်ကိုဆွဲကာ သူ ထွက်ခဲ့လေသည်။

◆....◆



(၂)

လမ်းပေါ်တွင် ပထမဦးဆုံး သူ ဆုံတွေ့ရသည်က သူ၏မိတ်ဆွေတစ်ဦးဖြစ်၏။ သူ ကပျာကယာ လှမ်းမေးမိသည်။

"ဟေ့လူ ... ကျုပ်အကြောင်း သိပြီးပြီလား"

ထိုမိတ်ဆွေက သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ

"သိပြီးပြီ ... "

သူ အားတက်သရော ထပ်မေးမိသည်။

"ဒါဖြင့် ပြောစမ်းပါဦးဗျ"

"ဘာကို ပြောရမှာလဲ"

"ကျွန်တော် မာမာချာချာကြီးကနေ ဘယ်လိုဖြစ်သွားရတာလဲဗျ ... "

"အဲဒါတော့ ကျုပ်လည်း မသိဘူးလေ၊ ခင်ဗျား သေသွားပြီလို့ကြားရတာပဲ"

"တကယ်ကော ဟုတ်လို့လားဗျ"

"ဩော် ... ဟုတ်လို့ပဲ သတင်းစာထဲတောင် ပါနေပြီပဲဗျာ"

www.burmeseclassic.com

"သေသွားပြီဆိုတော့ ကျုပ်က ဘယ်သွားနေရမှာလဲ"

"သူ့ဘာသာ လာခေါ်ကြမှာပေါ့ဗျာ"

ထိုသို့ပြောပြီး မိတ်ဆွေက သူနှင့် ခပ်ဝေးဝေးမှ ကွင်းရှောင်ကာ ထွက်ခွာ၏။ သူ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်မိသော်လည်း သူ ဘာမှ မပြောတော့ပါ။

လမ်းကိုသာ ဆက်လျှောက်လာခဲ့တော့၏။

◆----◆



(၃)

တစ်နေရာတွင် အလှူခံမဏ္ဍပ်တစ်ခုကို ကြုံရ၏။

"သဒ္ဓါမြတ်နဲ့ တစ်ရာကျပ်ကို လှူဒါန်းသွားပါတယ် ခင်ဗျာ"

သူလည်း အလှူငွေထည့်ရန် အကြံရ၏။ သွားလေသူ ဖြစ်သော သူ့အတွက် သူကပဲ ပြန်၍ ကောင်းမှုဒါန ပြုလုပ်ပေးရချေတော့မည်။

အလှူခံဌာနမှ ပုဂ္ဂိုလ်က ဈေးစပ်သေချာသည်။

"ဟုတ်ကဲ့ ... နောင်ကြီးရဲ့နာမည်ကို အမိန့်ရှိပါ ခင်ဗျာ"

"မျိုးမင်းယုပါ ..."

"ဩော် ... ဟုတ်ကဲ့ ဦးမျိုးမင်းယု ... သွားလေသူ ဘယ်သူ့ အတွက် ရည်စူးပြီး လှူဒါန်းချင်ပါသလဲ ခင်ဗျာ"

"ဦးမျိုးမင်းယု အတွက်ပါပဲ"

"ဗျာ ..."

အလှူခံပုဂ္ဂိုလ်က သူ့ကို အူကြောင်ကြောင် ကြည့်သည်။ သူ လည်း ဘာဆက်ပြောရမည်မှန်း မသိ။

"ဒီလိုဗျာ ... ဟိုဟာ ဟိုဒင်း"

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာဆက်ပြောရမည်မှန်းမသိ။ ထို့ကြောင့်

"အဟီး ..."

အလှူခံပုဂ္ဂိုလ်ကို ရယ်ပြကာ သူ လှည့်ထွက်လာခဲ့လေသည်။

◆....◆



(၄)

တစ်ယောက်တည်း ဟိုငေးသည်ငေးနှင့် လျှောက်လာရင်း မြို့ပြင်ဘက်သို့ ရောက်လာသည်။ တစ်ခု သတိရမိ၏။

"ရဲအောင်ကြီးတစ်ယောက် ကျန်းမာလာပြီလား မသိဘူး ... ဒီကောင်ကြီး မမာတာ ကြာပြီ"

ခဏ ရပ်စဉ်းစားလိုက်သေး၏။ ထို့နောက်မှ

"ကြုံတုန်း သတင်းဝင်မေးလိုက်ရင် ကောင်းမယ်"

ရဲအောင်တို့ အိမ်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

သူ့ကို တွေ့တွေ့ချင်းမှာ ရဲအောင်၏ဇနီးက ရင်ဘတ်ကို လက်နှင့်ဖိပြီး ...

"အို ... မြတ်စွာဘုရား"

ထို့နောက်

"ရှင် ... ရှင် ကိုမျိုးမင်းယု မဟုတ်လား"

"ဟုတ်တယ်လေ"

"အခု ... အခု ဘယ်က လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကပဲ လာတာပေါ့။ ရဲအောင်ကြီးကို လှမမာ သတင်းလာမေးတာ"

"ရှင်က လှမမာသတင်းလာမေးတယ် ဟုတ်လား"

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"

"နှမိတ်မကောင်းလိုက်တာ၊ အောင်မယ်လေး ... မြတ်စွာဘုရားကယ်တော်မူပါ"

◆....◆



(၅)

စိတ်ညစ်ညစ်ဖြင့် မြို့ပြင်သုသာန်ရှိရာသို့ သူ ထွက်လာခဲ့သည်။ တစပြင်သည် ငြိမ်းချမ်းတိတ်ဆိတ်လျက်ရှိ၏။ သူ့အုတ်ဂူကို သူ လိုက်ရှာနေမိသည်။

"ငါ့ကို ဘယ်မှာမြှုပ်ကြတာလဲ"

အပြန်ပြန် အလှန်လှန်ရှာပြီး နောက်ဆုံးမှာ သူ တွေ့သွား၏။

"ဟာ ... ဒါ ငါ့အုတ်ဂူပဲ"

သတင်းစာ နာရေးကြော်ငြာထဲမှာ တွေ့ရသည့်အတိုင်းပဲ ဖြစ်၏။ သူ့အုတ်ဂူကို အထောက်အထားနိုင်မာစွာ တွေ့မြင်ရလေသည်။ သူ တွေဝေနေချိန်မှာပဲ သုဘရာဇာက သူ့ဆီ လျှောက်လာသည်။ သူ တ ...

"ဒါ ကျွန်တော့်အုတ်ဂူလား"

"ဟုတ်တယ်လေ ... မင်း ဘယ်ကိုလျှောက်သွားနေတာလဲ"

သူက နေမထိ ထိုင်မထိ ဖြစ်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှား ဒီမှားဝါ ..."

"ကဲ ... ဓူထဲကို ပြန်ဝင်ချည်တော့"

"ခင်ဗျား ကျွန်တော် ဘယ်လိုလုပ် ဝင်ရမှာလဲ"

"ငါ လုပ်ပေးပါ့မယ်"

သုဘရာဇာက မခိုးမခန့် ပြုံးပြီး သူ့လက်ထဲမှ ပေါက်ချွန်းကို မြှောက်လိုက်၏။

"အား ..."

ဦးမျိုးမင်းယု၏လောကတွင် မှောင်အတိကျသွားသည်။

◆----◆

(၆)

မိတ်ဆွေ ...

သင်သာ အဲဒီလို အိပ်မက်မျိုးမက်ခဲ့ရင်

ဘာကိုများ အရေးဆိုချင်ပါသလဲ ... ။

◆----◆

# လူ နှင့် ဒဿနအကန်း

www.burmeseclassic.com

www.burmeseclassic.com



အဝေးမှာ တောင်တန်းကြီးရှိသည်။ ထို့အပြင် တိမ်ပွင့်ဖြူများလည်း ရှိသည်။ အနီးမှာ ညောင်ညိုပင်ရှိသည်။ ထို့အပြင် မြက်ခင်းပြင်ကျယ်လည်း ရှိသည်။ ထို့ကြောင့်လည်း မှုန်နေအောင် ပူသော နွေနေ့လယ်ခင်းများမှာ ကျွန်တော်တို့ ဤနေရာသို့ ရောက်နေတတ်ခြင်း ဖြစ်သည်။

ဘာရယ်တော့ မဟုတ်ပါ။ နှစ်ယောက်သား ထွေရာလေးပါး လျှောက်ပြောနေကြ၏။ အများဆုံး ပြောဖြစ်သည်ကတော့ ကျွန်တော်တို့၏ ချစ်သော အနုပညာအကြောင်း။

ထူးခြားလာသည်ကတော့ 'တစ်နေ့သော အခါ'မှာ ဖြစ်၏။

"ဟင် ... ဟိုမှာ ကြည့်စမ်း"

"ဟာ ... အေး၊ ဘာကြီးလဲ မသိဘူး"

ကျွန်တော်တို့၏ ညောင်ညိုပင်ရှိရာသို့ လေထဲမှ ပျံသန်းလာသော သတ္တဝါကြီးတစ်ကောင်ကို မြင်လိုက်ရခြင်းတွေ ဖြစ်သည်။

"ဆင် ... ဆင်ကြီးကွ၊ ဆင်ပျံကြီး"

"ဆင် ... ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် ထိုသို့ ဝေဝါးငေးမောနေစဉ်မှာပဲ ထိုသတ္တဝါကြီးက မြေပြင်သို့ ဆင်းသက်လိုက်သည်။ ကျွန်တော်တို့နှင့် မလှမ်းမကမ်း မြက်ခင်းပေါ်မှာ ဖြစ်၏။

ကျွန်တော်နှင့် သူငယ်ချင်းတို့ ... တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်သည်။ ထိုသတ္တဝါကြီးဆီ လှမ်းကြည့်သောအခါ သူကလည်း ကျွန်တော်တို့ကို ကြည့်နေ၏။

ကျွန်တော်က သူငယ်ချင်းကို အဖော်ညှိလိုက်၏။

"လာကွာ ... အနားသွားကြည့်ရအောင်"

ကျွန်တော်တို့နှစ်ယောက် သူ့ဆီ ချဉ်းကပ်လာသည်ကို မြင်သော်လည်း ဂရုမစိုက်လှချေ။ အမှုမထားသောအသွင်ကို တွေ့ရသည်။

"ဟော့ ဒီမှာ ... ဒီမှာ"

ကျွန်တော် ခေါ်သောအခါ 'ဘာလဲ'ဟူသော အမူအရာနှင့် မေးဆတ်ပြ၏။ အနားရောက်၍ ပီပီပြင်ပြင် တွေ့ရပြီဖြစ်သောကြောင့် ဆင်မဟုတ်မှန်း သေချာသွားသည်။ သို့သော် ဆင်နှင့်လည်း အတော်တူသည်။ ဆင်ကို အတောင်ပံကြီး တပ်ထားသည့်နှယ် ရှိ၏။

ကျွန်တော်တို့နှစ်ယောက် သူ့ကို ပတ်ချာလည် စေ့စေ့ကြည့်ရှုလိုက်၏။ သူကတော့ အေးအေးဆေးဆေးပင်။ မြက်ခင်းပြင်ပေါ်မှာ ပက်လက်ကလေးလှန်ပြီး ဒူးချိတ်လဲလျောင်းနေသည်။

"ခင်ဗျားက ဘာလဲဗျ"

သူက မျက်မှောင်ကြုတ်ကာ ပြန်ကြည့်သည်။

"ဘာ ... ဘာလဲ ... လဲ"

"မဟုတ်ဘူးလေ၊ ခင်ဗျားက ဆင်လည်းမဟုတ်ဘူး၊ အတောင်လည်း ပါသေးတယ်၊ အဲဒါကြောင့် 'ဘာလဲ'လို့ မေးတာ"

သူက မိုက်ကန်းကန်း ပြန်မေးသည်။

"မင်းကကော ဘာလဲ ... "



ဘာမှန်းမသိသော သတ္တဝါကြီးနှင့်တော့ ဖက် ရန်မဖြစ်ချင်၍

"ကျွန်တော်က လူပါ"

"မင်းကို 'လူ'လို့ ဘယ်သူက နာမည်ပေးတာလဲ"

"အင်း ... အဲ ... လူတွေက ကိုယ့်ဘာသာကိုယ် ပြန်ပေးကြတဲ့ နာမည်ပေါ့ဗျာ"

"အေး ... အဲဒီ 'လူ'ဆိုတဲ့ နာမည်က ဘာအဓိပ္ပာယ်လဲ၊ ပြောပါဦး ... "

"အင်း ... အဲဒါကတော့"

ကျွန်တော် ဘာဆက်ပြောရမည်မှန်း မသိ ဖြစ်သွား၏။

သူငယ်ချင်းက ဘေးမှဝင်၍

"အဓိပ္ပာယ်တော့ ဘယ်အတိအကျ ရှိမလဲ၊ နာမည်ပဲဟာ 'နာမ်' အဖြစ်ပဲ ပေးဗ်ာပေါ့ ... "

ထိုသတ္တဝါကြီးက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"အင်း ... ငါကတော့ ဘာမှန်းမသိဘူးကွ၊ ငါ့ကိုယ်ငါလည်း နာမည် ပြန်ပေးမထားဘူး"

"ဟင် ... အဲဒါဆို ခင်ဗျားက ဘာလဲ"

"ငါက ငါပေါ့ကွ ... "

"ခင်ဗျားရဲ့နာမည်ကို ပြောတာ၊ သတ္တဝါအမျိုးအမည်၊ အဲဒါကို ပြောတာ"

"မရှိဘူးဆို ... "

"ဟင် ခင်ဗျားဟာက ဘယ့်နှာကြီးလဲ"

"ဘာဖြစ်လို့တုန်းကွ ... နာမည်မရှိလည်း ငါ နေလို့ရနေတာပဲ၊ ငါ့ အလုံးလည်း လျော့မသွားဘူး၊ အရပ်လည်း လျော့မသွားဘူး"

ကျွန်တော် ခေါင်းကို ခပ်ကြမ်းကြမ်း ကုတ်မိ၏။

"မဟုတ်သေးပါဘူးဗျာ"

www.burmeseclassic.com

"ဟုတ်ဝါတယ်ဗျ"

သူငယ်ချင်းက ... ကျွန်တော့်ကို ဘေးမှ လက်ဝင်ကုတ်၏။ 'အပြင်အခုန် သိပ်မလုပ်နဲ့' ဟူသော သဘော။

ထို့ကြောင့် လိုရင်းကိုသာ ကျွန်တော် မေးလိုက်သည်။

"ခု ခင်ဗျားက ဘယ်ကလာပြီး ဘယ်ကိုသွားမလို့လဲ"

"မြောက်ဘက်က လာတာ ... ဘယ်မှ ဆက်မသွားတော့ဘူး၊ ဒီမှာပဲ နေတော့မလို့"

"ဟာ ... "

ကျွန်တော်ရော၊ သူငယ်ချင်းရော သူ့အဖြေကြောင့် စိတ်ညစ်သွားရသည်။ ကျွန်တော်တို့က စိတ်အေးလက်အေး စကားပြောချင်၍ ဤနေရာကလေးကို သေသေချာချာ ရှာထားခြင်းဖြစ်သည်။ ဒီသတ္တဝါကြီး ရှိနေလျှင်တော့ ကျွန်တော်တို့ စကားကောင်းကောင်း ပြောရတော့မည် မဟုတ်။

"ပြဿနာပဲ ... "

သူငယ်ချင်းနှစ်ယောက် ပြိုင်တူ ညည်းတွားမိသည်။ သူငယ်ချင်းက ဖြတ်ထိုးဉာဏ်ဖြင့် လျှင်မြန်စွာ တုံ့ပြန်လိုက်၏။ ထိုသတ္တဝါကြီး၏ နှာမောင်းကြီးကိုကြည့်ကာ

"ဒီနေရာမှာ ကြွက်ပေါတယ်ဗျ"

သတ္တဝါကြီးက ဝုန်းခနဲ ခုန်ထ၏။ ပျံနိုင်သော သတ္တဝါလည်း ဖြစ်၍ လေထဲမှာ ပျံဝဲနေရက်သား ဖြစ်သွားသည်။

သူက ကျွန်တော်တို့အထက်မှ လှည့်ပတ်ရစ်ဝဲပျံသန်းကာ

"ဒီနေရာမှာ ကြွက်မရှိဘူး၊ ငါ စုံစမ်းပြီးမှ လာတာ"

အမှန်တကယ်လည်း မရှိပါ။ သက်သက် ခြောက်ကြည့်ခြင်းသာ ဖြစ်ပြီး သူ့ ကြောက်မှန်းလည်း သိရလေပြီ။ နှစ်ယောက်သား အောင်မြင်စွာ ပြုံးမည်ကြံရုံရှိသေး။ ထိုသတ္တဝါကြီးက



"မင်းတို့ မညစ်နဲ့နော်၊ ကြွက်တွေကို သက်သက် သွားခေါ် မလာနဲ့ ... ငါအကြောင်း သိသွားမယ်"

"အောင်မာ၊ ခင်ဗျားက ဘာလုပ်မှာလဲ"

သူက ကျွန်မတ်တို့ ဦးခေါင်းအထက်မှ ရစ်ဝဲပျံသန်းနေရင်း

"ငါ မင်းတို့ကို လေထဲက အီးပါချမယ်"

"ဗုဒ္ဓေါ ... "

"မြတ်စွာဘုရား ... "

နှစ်ယောက်သား အမှန်တကယ် လန့်သွားမိကြ၏။ လေယာဉ်ဖြင့် ဗုံးကြဲချသည်ကမှ အခံရတော်ဦးမည်။ အခုဟာကြီးက ... တယ် မသက်သာလှ။ တကယ့်ကို နာလည်း နာသေး၊ နံလည်း နံသေး ဆိုသလိုမျိုး ဖြစ်ရလေတော့သည်။

"ခင်ဗျားနော် ... မဟုတ်တာ မလုပ်နဲ့"

အောက်မှနေ မော့ကြည့်ရင်း အော်ကာ ဟစ်ကာ သူ့ကို တားရ၏။

"အောင်မယ်လေး လေး ... "

သူပြောသလို လုပ်ရင် ကျွန်တော်တို့ မည်ရွေ့မည်မျှ ခံရမည်ကို မပြောနိုင်။ မော့ကြည့်ရသည်ကပင် 'နာ'လှပေပြီ။ (သူက အထီးကြီးဖြစ်၏။)

"မင်းတို့က ငါ့ကို ဘာကိစ္စ ရန်စကား ဧ,ပြောလဲ၊ ဘယ်က ကြွက်က ပါလာတာလဲ"

ကပျာကယာ ဖြေပြော ပြောရ၏။

"နောက်တာပါဗျ ... ခင်ဗျားကလည်း၊ ကြွက် မရှိပါဘူး၊ ခင်ဗျား က အတော်စိတ်ကြီးတာပဲ"

သူက ... မယုံသင်္ကာဖြင့် ရစ်ချည်ဝဲချည် ပျံနေသေးသည်။ ကျွန်တော်တို့ကလည်း မယုံသင်္ကာဖြင့် သူ့ကို မော့မော့ကြည့်ရင်း ပြေး

www.burmeseclassic.com

www.burmeseclassic.com



လမ်းရှာနေရသည်။

ခဏကြာမှ သူ မြေပေါ် ပြန်ဆင်းလာသည်။

"အေး … မင်းတို့ ဘာမှမလုပ်ရင် ငါကလည်း ဘာမှမလုပ်ဘူး"

"ဒီလိုမှပေါ့ဗျ … "

"အေးအေးဆေးဆေးပါဗျာ၊ ကျွန်တော်တို့က ခင်ဗျား ဥပမိကို မြင်ကတည်းက ခင်လို့ပါ … "

နောက်တော့လည်း သူနှင့် ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်း ပြန်ဖြစ်သွားသည်။

"ခင်ဗျား ခင်လို့နောက်တာဆိုပြီးတော့ ကျွန်တော်တို့အပေါ် လေထဲကနေ အီးပါမချနဲ့ဦးနော်"

ထိုကဲ့သို့ ခပ်ရွံ့ရွံ့ သတိပေးတော့ သူက တဟီးဟီးရယ်သည်။

"မလုပ်ပါဘူးကွ … "

"ခင်ဗျား တကယ်နော်"

"အေးပါကွ၊ တကယ်ပါ … ငါကလည်း မင်းတို့ကို နောက်တာပါ။ လေထဲမှာ အီးပါဖို့ဆိုတာ လွယ်တာမှတ်လို့"

သူ့စကားကြောင့် ကျွန်တော်တို့နှစ်ယောက် အံ့သြကြရပါသေးသည်။ ကျွန်တော်တို့ လိုက်မမီသော ကိစ္စများပေကိုး။

"ဟုတ်လား … မလွယ်ဘူးလား။ ဘာခက်လို့လဲ"

သူက ရှုံ့မဲ့ပြပြီး ပြန်ဖြေပါသည်။

"ခက်တယ်ကွ၊ မလွယ်ဘူး … လေထဲမှာ အီးပါရင် စအိုက အေးခနဲ အေးခနဲ ဖြစ်သွားတယ်၊ မသက်သာဘူး"

"ဩော် … အဲဒီလိုလား"

သူကော၊ ကျွန်တော်တို့ကော ရယ်ကြရပါသည်။ ရယ်ရင်းတန်းလန်းမှာပင် သူ့မျက်လုံးများ ပြူးဝိုင်းထွက်ပြီး သူ့ရယ်သံကလည်း တုံးတိ ပြတ်တောက်သွား၏။



သူ့မျက်လုံးများက တစ်နေရာကို စိုက်ကြည့်လျက် …

ထိုအခြေအနေကို သတိထားမိလိုက်ပုံ မပေါ်သော သူငယ်ချင်းက

"အေးဗျာ … ခင်ဗျားနဲ့ အပေါင်းအသင်းဖြစ်ရတာ ကျွန်တော်တို့လည်း အတွေ့အကြုံတိုးတာပေါ့၊ ဒီနေရာလေးက လူရှင်းတယ်ဗျ၊ ကျွန်တော်တို့နှစ်ယောက်ရယ်၊ ခင်ဗျားရယ် … အေးအေးဆေးဆေး စကားပြောလို့ရတယ်၊ နေ့ခင်းချိန်တိုင်း ကျွန်တော်တို့ လာခဲ့မယ် … ခင်ဗျားသာ ဘယ်မှမသွားနဲ့"

ထိုသတ္တဝါကြီးက သက်ပြင်းချ၏။

"မရတော့ဘူးကွ၊ ဒီနေရာကနေ ငါ ခွာမှ ဖြစ်တော့မယ် … ဟိုမှာကြည့်စမ်း"

"အိုး … "

"ဟာ … ဘာတွေလဲ"

သစ်ချုံအကွယ်မှ ထွက်လာကြသည်က လူ ခုနစ်ယောက်။

"ဘာတွေလဲဟာ … "

ဟိုစမ်းစမ်း သည်စမ်းစမ်းနှင့် လက်တွေဝှေ့ယမ်းလာကြသူများ တစ်စစနှင့် ကြည်လင်ပြတ်သားလာသည်။

နှစ်ယောက်သား ပြိုင်တူ ရေရွတ်မိသည်။

"ဟာ … မျက်မမြင် ပုဏ္ဏားတွေ"

သတ္တဝါကြီးကို လှည့်ကြည့်တော့ သတ္တဝါကြီးက ငြီးငွေ့စိတ်ပျက်စွာ ခေါင်းညိတ်ပြသည်။

"သိပ် စိတ်ကုန်စရာကောင်းတဲ့ ကောင်တွေ"

"ဟင် … ခင်ဗျားက သူတို့နဲ့ ဆုံပြီးပြီလား၊ ဘယ်တုန်းကလဲ"

"တလောလေးကပါ … "

မပြောချင် ပြောချင်နှင့် ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘာသာငါ အိပ်နေတာကို လာစမ်းကြတယ်၊ ပြီး ... ပေါက်ကရတွေ လျှောက်ပြောကြတယ်၊ ဆင် ဆိုတာ တိုင်နဲ့ တူတယ်လို့၊ ဆင်ဆိုတာ ခြေနဲ့တူတယ်တို့၊ ဟုတ်လည်း မဟုတ်ဘဲနဲ့"

သူငယ်ချင်းက ပုဏ္ဏားတွေဆီ မျက်မှောင်ကြုတ် ကြည့်ရင်းက ကျွန်တော့်ကို လှည့်မေးသည်။

"နေပါဦး ... မျက်မမြင်ပုဏ္ဏားက ခြောက်ယောက်မဟုတ်လား၊ ခု ခုနစ်ယောက် ဖြစ်နေတယ် ... တစ်ယောက်က ဘယ်က တိုးလာတာလဲ"

"အေးလေ ... ဘယ်လိုတုန်း"

နောက်ဆုံးမှ ပါလာသော မျက်မမြင်ပုဏ္ဏားကို လှမ်းကြည့်ကာ ကျွန်တော်တို့နှစ်ယောက် အတွေးရခက်နေကြပါတော့သည်။

သတ္တဝါကြီးက ဝင်ပြော၏။

"အဲဒီကောင် အဆိုးဆုံးပေါ့ကွ"

"ဘာဖြစ်လို့လဲ ... "

"ငါ့အတောင်ပံကို လာစမ်းပြီး ဆင် ဆိုတာ ထန်းခေါက်ဖျာနဲ့ တူတယ်ဆိုပြီး လျှောက်ပြောနေတယ် ... ဘာကောင်မှန်း မသိဘူး"

"ဟုတ်လား"

"အေး ... ဘယ်ကောင်းမလဲကွ၊ ငါ ဒေါသအတော်ထွက်တာပေါ့"

ကျွန်တော်က ဝင် ဖျောင်းဖျမိ၏။

"သြော် ... အကန်းတွေပဲဗျာ၊ ခွင့်လွှတ်လိုက်ပါ"

သူက လက်မခံချေ။ ခါးခါးသီးသီးဖြင့်

"အောင်မယ် ... ဟေ့ကောင်လေး၊ ငါ ပြောမယ်၊ မင်း စဉ်းစားကြည့်၊ ဆင်ဆိုတာ ထန်းခေါက်ဖျာနဲ့ တူတယ်လို့ သူ လျှောက်ပြောတယ် ... ငါ့အတောင်ပံကို စမ်းပြီး ပြောတာကွ၊ ငါ့အတောင်ပံဟာ



ထန်းခေါက်ဖျာ မဟုတ်ဘူး၊ ပိုဆိုးတာက သူတို့ ဆင်ဆိုပြီး လာစမ်းတဲ့ ငါကကို ဆင်မဟုတ်ဘူး ... မင်း စဉ်းစားကြည့်ပေါ့ကွာ"

"အင်း ... အဲ ... ဟုတ်ကဲ့"

"ငါလည်း မကောင်းဘူး၊ ဆင်လည်း မကောင်း၊ သူတို့ လုပ်ပုံကြီးက မဟုတ်ဘူးကွ ... အကန်းကို အကန်းဆိုပြီး ခွင့်လွှတ်လို့ ရတယ်၊ ဒါပေမဲ့ သူတို့ကလည်း အကန်းဆို အကန်းလို နေရမယ်၊ သူ့မျက်လုံးအကန်းနဲ့ အရာရာကို လိုက်သတ်မှတ်နေလို့ မရဘူး၊ လူတွေ ယုန်ထင်ကြောင်ထင် ဖြစ်စေမဲ့ 'ဒဿနအကန်း' ကြီးတွေ လျှောက်လျှောက် ဖွင့်ဆိုနေတာကို ငါ လက်မခံဘူး ... "

"အင်း ... အဲ ... ဟုတ်တယ်၊ ဟုတ်တာပေါ့"

ကျွန်တော်တို့နှစ်ယောက်လုံး သူ့စကားကို ခေါင်းညိတ်မိလျက်သား ဖြစ်သွားသည်။

သတ္တဝါကြီးက ...

"ကဲ ... မင်းတို့နှစ်ယောက်နဲ့ တွေ့ရတဲ့အတွက် ငါ ဝမ်းသာပါတယ်၊ ပြန်ခွဲရတဲ့အတွက်လည်း ဝမ်းနည်းပါတယ် ... ဒီကောင်တွေ ရောက်လာရင်တော့ ဒီနေရာမှာ ငါ မနေချင်တော့ဘူး"

ပြောပြောဆိုဆို အဝေးကို ပျံသန်းထွက်ခွာသွားပါတော့သည်။ ကျွန်တော်တို့နှစ်ယောက်သာ မျက်မမြင်ပုဏ္ဏားများရှေ့တွင် အူကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့၏။

"အနံ့ရတယ် ... "

"အေး ... အသံလည်း ကြားရတယ်"

ပုဏ္ဏားများက ဟိုဟိုသည်သည် လျှောက်စမ်းရင်း ကျွန်တော်တို့ဆီ ရောက်လာသည်။

"ဟေ့ ... ဝဲဟေ့"

သူငယ်ချင်းက ကျွန်တော့်လက်ကိုဆွဲပြီးနောက် ဖမ်းဆုပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုပုဏ္ဏားများကို ကျွန်တော်တို့ မကြောက်ပါ။ ကြောက်စရာလည်း မလိုပါ။ သို့သော် သူတို့ လက်ကြီးတွေနှင့် လိုက်စမ်းနေပုံက အသည်းယားစရာကြီး ဖြစ်၏။

"လာ လာ ... ငါတို့လည်း လစ်မယ်"

သူငယ်ချင်းကိုလက်ကုတ်ကာ ထိုနေရာမှ အမြန်ခွာခဲ့၏။ လွတ်ရာကင်းရာကိုရောက်မှ လေပူကြီး မှုတ်ထုတ်ရင်း ...

"ငါတို့ကို သူတို့ လက်ကြီးတွေနှင့် လာစမ်းပြီး ဒဲသနအကန်းကြီးတွေ လျှောက်ဖွင့်ဆိုရင် ခက်ဦးမယ်"

"အေး ဟုတ်တယ်၊ ဒါနဲ့ မင်း သတိထားမိလား၊ သတ္တမမြောက်ပုဏ္ဏားကို ငါ မြင်ဖူးသလိုပဲ ... "

သူငယ်ချင်း၏စကားကြောင့် ကျွန်တော် ပေါင်ကို လက်ဝါးနှင့် ဖြန်းခနဲ ပုတ်မိ၏။

"အေး ဟုတ်တယ်၊ ငါလည်း မင်းကို အဲဒါ ပြောမလို့ ... အဲဒီပုဏ္ဏားကို ငါလည်း မြင်ဖူးတယ်၊ ဘယ်မှာ မြင်ဖူးသလဲသာ မမှတ်မိတာ"

"အင်း ... "

သူငယ်ချင်းက ... မျက်ခုံးအတွန့်ချိုးပြီး စဉ်းစားနေသည်။ ကျွန်တော်လည်း စဉ်းစား၏။ မြင်ဖူးသည်။ မြင်ဖူးသည်။ ကျူရှင်ဆရာလိုလို၊ စာရေးဆရာလိုလို၊ သတင်းစာသမားလိုလို၊ ဝေဖန်ရေးသမားလိုလို၊ (ဆင်=ထန်းခေါက်ဖျာ) ဟု အမိပ္ပာယ်ဖွင့်ဆိုနေသော ထိုပုဂ္ဂိုလ်။

စဉ်းစား၏။ ပြန်တွေးကြည့်၏။ စေ့စေ့တွေး၍ ရေးရေးမြင်ပြီ။ ရန်ကုန်မှာလား၊ မန္တလေးမှာလား ... ။ ဂျာနယ်ထဲမှာလား၊ မဂ္ဂဇင်းတိုက်မှာလား။ ခေါင်းတစ်ချက် ညိတ်မိ၏။ သေချာပြီ။ သေချာသည်။

ဆုံတော့ ဆုံခဲ့ဖူးပါသည်။

◆....◆

# ၄။ နှင့် လေ့လာရေး

www.burmeseclassic.com

www.burmeseclassic.com



(၁)

သူ့လို မဖြစ်ချင်လျှင် သူ့ကို လေ့လာပါ။
သို့သော် ...
သူ့ကို လေ့လာရင်း သူ့လိုလည်း ဖြစ်သွားတတ်၏။

(အမည်မသိ)

◆----◆

www.burmeseclassic.com

www.burmeseclassic.com



(၂)

ညဥ့်လေက တသုန်သုန်တိုက်ခတ်နေသည်။ မီးရောင်တလက်လက်နှင့် လှုပနေသော မြို့တော်ကို ငုံ့ကြည့်ရင်း လေစီးနှင့်အတူ သူလည်း လိုက်ပျံ့မျောရွေ့နေသည်။

မလှမ်းမကမ်း ကင်းမျှော်စင်မှ သန်းခေါင်လွန် သံချောင်းခေါက်သံကို ကြားရ၏။ သူ့ခန္ဓာကိုယ်သည် အိမ်ရှိ စာကြည့်ခန်းထဲတွင် တင်ပလ္လင်ခွေထိုင်ရင်း မလှုပ်မယှက် ကျန်ရစ်နေသည်ဖြစ်ကြောင်း သတိရမိ၏။ (သူက James M.Mointock ၏ Getting out of your Body စာအုပ်ကို ကျော်လွန်အောင်မြင်ထားသူ ဖြစ်၏။ ရုပ်ခန္ဓာကို ချန်ထားပြီး ဝိညာဉ်ချင်းသက်သက် ခရီးထွက်နိုင်သူ ဖြစ်လေသည်။)

သူက လေ့လာရေးကို အလွန် ဝါသနာပါသူ ဖြစ်၏။ ဗဟုသုတကိုလည်း အလွန် လိုလားသည်။ ခရီးတစ်ခု ထွက်ခြင်းသည် စာအုပ်တစ်ရာ ဖတ်ခြင်းနှင့် ညီမျှသည်ဟုလည်း ခံယူထားပြန်၏။ ထိုသို့ဖြင့်လူ မအားလျှင် ဝိညာဉ်ဖြင့် ခရီးသွားနိုင်အောင် လေ့ကျင့်ခဲ့ရခြင်း ဖြစ်လေသည်။



ထိုကျင့်စဉ်ကို ပေါက်မြောက်အောင်မြင်ခဲ့၍ သူ့ဘဝကိုသူ ကျေနပ်အားရဖြစ်မိပါသေးသည်။

ခုဆို ... တာ့ချ်မဟာဂူဗိမာန်ကိုလည်း သူ သွားခဲ့ပြီးပြီ။

နိုင်းလ်မြစ်ပေါ်မှာလည်း ဖြတ်ပျံဖူး၏။

အီဖယ်မျှော်စင်၏ ထိပ်ဖျားမှာလည်း သူ ခိုနားဖူးပါပြီ။

ဘာမြို့ဒါကိုသာ သွားရ ကောင်းနိုး၊ မသွားရကောင်းနိုး ဖြစ်နေမိ၏။

အဝေးမှ ခွေးအူသံကြားသည်။ အိမ်ပြန်ရန် သူ သတိရလာ၏။ ရုပ်ကွက်ထဲသို့ ပြန်အဝင်မှာ ခွေးလေခွေးလွင့်တစ်ကောင်က သူ ရှိရာကို မသင်္ကာသလို လိုက်လံမော့ကြည့်ရင်း မာန်ဖီသည်။ သူ့အိမ်ဆီပြန်ရောက်ပြီ။ စာကြည့်ခန်း၏ ပြတင်းပေါင်မှာ တစ်ချက်နားပြီး စာကြည့်ခန်းထဲ လှမ်းကြည့်မိသောအခါ

"ဟင် ..."

သူ အကြီးအကျယ် အံ့သြတုန်လှုပ် သွားရလေသည်။

◆----◆

www.burmeseclassic.com

www.burmeseclassic.com



(၃)

သူ့ခန္ဓာကိုယ်သည် သူထားသည့်အတိုင်း တင်ပလ္လင်ခွေထိုင်ပြီး မျက်စိမှိတ်လျက် မဟုတ်တော့။

သူ့ခန္ဓာကိုယ်သည် စာကြည့်စားပွဲမှာထိုင်ပြီး ကျကျနနပင် စာတစ်အုပ်ကို ဖတ်နေလေသည်။

"အို ... "

◆....◆



(၄)

အံ့သြခြင်းကြီးစွာနှင့် သူ ငေးကြည့်နေမိသေးသည်။ ထို့နောက်မှ 'အဖြေ'ကို သူ ရှာတွေ့လိုက်၏။ ထိတ်ထိတ်ပျာပျာလည်း ဖြစ်မိသည်။ သူ့ရုပ်ခန္ဓာထဲသို့ အခြားဝိညာဉ်တစ်ကောင် ဝင်ရောက်နေခြင်းဖြစ်လေသည်။

"အောင်မာ ... ရာရာစစ ဘယ်ကသတ္တဝါလဲ"

ဒေါသဖြင့် အခန်းထဲ ဝင်သွားပြီး

"ဟေ့ကောင် ... "

ထိုသတ္တဝါက သူ့ခန္ဓာကိုယ်ဖြင့် စာထိုင်ဖတ်နေပြီး သူ့ခေါ်သည်ကိုပင် ချက်ချင်းမကြား။

"ဟေ့ကောင် ... "

နောက်တစ်ခေါက် ထပ်ခေါ်မှ ကြား၏။ လှည့်အကြည့်မှာ သူ့ဘ ...

"မင်း ဘယ်ကကောင်လဲ၊ ဘာကိစ္စ ငါ့ကိုယ်ထဲ ဝင်နေရတာလဲ"

ထိုသတ္တဝါ သူ့ကို မျက်မှောင်ကြုတ်လျက် ပြန်ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ … ဘာတွေ ပြောနေတာလဲ"

"ဘာကွ … ဘာတွေ ပြောရမှာလဲ၊ မင်း အခု ပြန်ထွက်စမ်း"

"ဘာလို့ ထွက်ရမှာလဲ"

"ဘာ ပေါကောင် အောင်မာ … ထွက်စမ်း၊ ဒါ ငါ့ကိုယ်ကွ၊ မင်းလို ဘယ်ကမှန်းမသိတဲ့ ကာလေကချေကောင်က ဝင်ချင်တိုင်း ဝင်လို့ရမလား၊ သွား ခုထွက်"

ထိုသတ္တဝါက သူ့ကို ဂရုမစိုက်သလို စာအုပ်ကို ဆက်ဖတ်ရင်း

"မထွက်ပါဘူး၊ ငါ့ဘာသာ ငါ ဝင်နေတာ ဘာဖြစ်လဲ"

ဒေါသက အလိပ်လိုက် ထွက်လာသဖြင့် သူ အတော်နှင့်ပင် စကားပြန်ပြော၍ မရ။ ထို့နောက်မှ

"ဒါ ငါ့ကိုယ်ကွ၊ ငါ အပြင်ခဏ ထွက်သွားတာ"

"မင်း ဘာဖြစ်လို့ ထွက်သွားလဲ၊ ဘယ်သူမှ မရှိလို့ ငါ ဝင်နေတာ ဘာဖြစ်လဲ"

"ရမလားကွ … မင်းလို ကိုယ်မရှိ၊ ရုပ်မရှိ ကောင်က"

တစ်ဆက်တည်းမှာ သူ အမျိုးမျိုး ဆဲရေးတိုင်းထွာလိုက်သည်။ သို့သော် ထိုသတ္တဝါက နာတတ်ပုံမပေါ်လှ။ သူ့ကိုလည်း သိပ်အရေးမလုပ်ဘဲ စာအုပ်ကိုသာ တစ်ရွက်ချင်း လှန်လှောဖတ်နေသည်။

သူက ခံပြင်းလှစွာ

"ငါ ခဏတဖြုတ် လေ့လာရေး ထွက်သွားတာ"

"ဘာ ထွက်သွားတာ … "

"လေ့လာရေး၊ လေ့လာရေး … လေ့လာရေး ထွက်သွားတာ"

ထိုသတ္တဝါက နှုတ်ခမ်းတွန့်၍ မဲ့လိုက်ရင်း

"ဟွန်း … ဒီလောက် လေ့လာချင်မှတော့ကွာ၊ ညဦးပိုင်းကတည်းက ဒီနားမှာ ငါ လျှောက်ပျံနေတာကို မင်း လေ့လာနေတာကို မင်းလေ့လာမိဖို့ ကောင်းတယ်"



"ငါက အဝေးကြီး သွားလေ့လာနေရတာကွ"

"လုပ်မနေစမ်းပါနဲ့ကွာ … မင်း ဒီလို ထွက်သွားတာနဲ့ ငါ ဒီလို ဝင်လာလိမ့်မယ်ဆိုတာကို မင်း အစောကြီးကတည်းက လေ့လာထားဖို့ ကောင်းတယ်"

သူ ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်နေပြီးမှ

"ဟေ့ကောင် … မင်း ထွက်သွားမလား၊ မထွက်ဘူးလား"

"မထွက်ဘူးလား"

"ကဲကွာ … "

ထိုသတ္တဝါကို သူ ပြေးထိုးလိုက်၏။ သို့သော် ထိုး၍မရ။ ထိုသတ္တဝါက ရှောင်သည်မဟုတ်ပါဘဲ သူကလည်း ဘယ်လိုမှ ထိုး၍မထိ။ ထိုသတ္တဝါက သူ့ကို အထူးအဆန်းလို ပြန်ကြည့်လေသည်။

ထိုအချိန်မှာပဲ …

"ဘယ်အချိန်ရှိနေပြီလဲ၊ မအိပ်သေးဘူးလား"

◆----◆

www.burmeseclassic.com

www.burmeseclassic.com



(၅)

တံခါးဝမှာ ညဝတ်အင်္ကျီ ကပိုကရိုနှင့် ခပ်နွဲ့နွဲ့ ရပ်နေသည်က သူ့မိန်းမ။ သူ တုန်လှုပ်သွား၏။

"ဟော့ ဟော့ ... အဲဒီကောင်က ငါ မဟုတ်ဘူး၊ အဲဒါ ဘယ်က ကောင်လဲ မသိဘူး၊ ငါက ဒီမှာ"

သူ အော်သော်လည်း သူမက မကြား၊ သူ သွားဆွဲသော်လည်း သူမ အသားက ခံစားရပုံမပေါ်။ သူမက ... ထိုသတ္တဝါကိုပဲ မျက်လုံးကလေး မှေးစင်းကြည့်လိုက်ရင်း

"ထားတော့၊ အဲဒီစာအုပ်ကို မနက်ကျမှ ဆက်ဖတ် ... ခု အိပ်ဖို့ကောင်းပြီ"

ထိုသတ္တဝါက ပြုံးပြုံးကြီးဖြင့်

"အဟီး ... အင်း အင်း၊ အိပ်ကြတာပေါ့၊ အဟဲ"

သူက ထိန်းမရ သိမ်းမရ ဒေါသဖြင့် လှမ်းအော်လိုက်သည်။

"ဟေ့ကောင်"

သို့သော် ထိုသတ္တဝါက သူ့ကို လုံးဝ အမှုမထား။ သူ့မိန်းမ၏



ခါးသိမ်ကို သိုင်းဖက်ရင်း အိပ်ခန်းဆီ တွဲထွက်သွားသည်။

"ဟာ ..."

သူ နောက်က လိုက်ဆွဲ၏။ သူတို့နှစ်ယောက်ကို ပြန်ခွဲ၏။

"ဟေ့ကောင်၊ ဒါ ငါ့မိန်းမ၊ ဟေ့ကောင်"

သူ လုပ်သမျှ ဘာမှအရာမရောက်ဘဲ ဖြစ်နေသည်။ သူတို့နှစ်ဦး အိပ်ခန်းထဲ လှမ်းအဝင်မှာ

"ဟေ့ကောင် ..."

အသံနက်ကြီးဖြင့် အော်လိုက်ရင်း သူပါ လိုက်ဝင်မည်ပြု၏။ ထိုသတ္တဝါက သူ့ကို ဆတ်ခနဲ လှည့်ကြည့်ပြီး

"ဘာလဲ ... မင်း လိုက်လေ့လာဦးမလို့လား"

သူ ကြောင်သွားသည်။ ထိုအချိန်မှာပဲ သူတို့နှစ်ဦးက အိပ်ခန်းထဲ ဝင်သွားပြီး အိပ်ခန်းတံခါးကလည်း ချပ်ခနဲ ပိတ်သွား၏။

"——————"

သူ ဘာလုပ်ရမည် မသိ။

အိပ်ခန်းထဲမှ သူ့မိန်းမ၏ ရယ်သံတစ်ချက်ကို ခပ်တိုးတိုး ကြားလိုက်ရ၏။

သူ မခံမရပ်နိုင်အောင် ဒေါသတွေထွက်လာသည်။

ပူလောင်ပေါက်ကွဲနေသော ဒေါသကို သူ မထိန်းနိုင်တော့။

သို့သော် ဘာမှလည်း လုပ်၍မရ။

ထိုသို့ဖြင့် သူသည် လေထဲမှာပဲ ဇွေ့ဇွေ့ခုန်နေရတော့သည်။

(အစ်ကိုကြီး ကိုဇော်ငြိမ်းလတ်သို့)

◆----◆

www.burmeseclassic.com

# လူ နှင့် ကမ္ဘာပတ်လမ်း

www.burmeseclassic.com

# ၉

၁။ "လူတွေနဲ့ဝေးရာကို သွားမယ်"

အလိုမကျခြင်းတို့နှင့်အတူ စိတ်ဦးတည့်ရာ လျှောက်ထွက်လာခဲ့၏။ ထိုသို့ဖြင့် ဤချောက်ချားဖွယ်ရာ ဖြစ်ရပ်ကို သူ ရင်ဆိုင်လိုက်ရခြင်း ဖြစ်လေသည်။

ပထမတော့ ... ပတ်ဝန်းကျင်ကို သူ သတိမထားမိသေးချေ။ တောင်ပူစာကလေးတစ်ခုနံဘေးမှာ ခြေပစ်လက်ပစ် ထိုင်ချရင်း မည်သို့မျှ ပြောဆိုဆုံးမ၍ မရသော လူ့လောကကြီးကို ဒေါမာန်တရှူးရှူး ဖြစ်နေမိ၏။

"ပန်းကိုချစ်သူ ဝတ်ရည်ယူတယ်တဲ့၊ ပန်းကိုရော ဝတ်ရည်ကိုရော ချစ်တဲ့သူက ဘာကို ယူရမှာလဲ ... ထွီ"

စိတ်ကြမ်းဝင်နေသော သူ့ကိုကြည့်ကာ ရုပ်ပတ်ဝန်းကျင်ကြီးအပင် ကြောက်လာ၏။ သူ့ရှေ့မှ စီးမျောလာနေသော 'လေ'ကလည်း အမှုတို ဖြတ်တိုက်သွားရကောင်းနိုးနိုး၊ ကွေ့ရှောင်သွားရကောင်းနိုးနိုး [illegible]တုံ့ချတုံ့ ဖြစ်လာ၏။ အနားရောက်မှ ပို၍ ကြောက်သွားကာ နောက်သို့ တည့်တည့်ပြန်လှည့်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောဆိုရွေ့တ်နေရင်းကပင် သူ့ရှေ့မှ တောင်တစ်လုံးက ပါးစပ်ကြီးဟောင်းလောင်း ပွင့်ထွက်လာသည်ကို သူ မြင်လိုက်ရခြင်းဖြစ်သည်။

"ဟာ ..."

သူ အလွန်တရာ အံ့ဩလန့်ထိတ်သွားမိတော့သည်။ ကမန်းကတန်း ထရပ်မိ၏။

၂။ ဤဖြစ်ရပ်မျိုးကိုလည်း သူ တစ်ခါမှ မကြုံဘူးချေ။ ထွက်ပြေးရမည့်အစား အငေးသား ရပ်ကြည့်နေမိ၏။ တောင်ကြီးက ပါးစပ်ပေါက်ကို အကျယ်ကြီးပွင့်ပြီးမှ ရပ်သွား၏။ ထို့နောက် မူလ အခြေအနေအတိုင်း ပြန်လည်ငြိမ်သက်နေသည်။

သူ ... မျက်လုံးအပြူးသားနှင့် ကြောင်အမ်းနေမိသည်။

ထို့နောက် သူ့ခန္ဓာကိုယ်၌ ကြက်သီးဖြန်းဖြန်းထကာ 'အလိုအလျောက်အသိ' (Intuition) တစ်ခုကို ရလိုက်၏။

"ဟာ ... နဂါး ... နဂါးကြီး"

ကမ္ဘာကြီးကို ခွေပတ်ကာ အိပ်နေသော ကာလနဂါးကြီး၏ ဦးခေါင်းရှေ့မှောက်သို့ သူ ရောက်နေခြင်းဖြစ်သည်။ နဂါးကြီးကတော့ ပါးစပ်ပွင့်လျက်နှင့်ပဲ ဆက်လက်အိပ်ပျော်နေသည်။

"အလို ... ဘုရား ... ဘုရား"

သူ့ခြေထောက်တွေ နောက်သို့ ရွှေ့မိလျက်သား ဖြစ်သွားပြန်၏။

၃။ "ငါ ... ငါ ... ဘာလုပ်ရင်ကောင်းမလဲ၊ ဒါ အခွင့်အရေးပဲ"

သူ ဖြစ်နေသည်ကတော့ ထိုပါးစပ်ပေါက်ကြီးထဲသို့ ဝင်ကြည့်ချင်ခြင်း ဖြစ်၏။ နဂါးလိုဏ်ခေါင်းအတိုင်း ဆင်းသွားကြည့်ချင်သည်။



'ဒါ ... နဂါးခံတွင်းပဲ၊ ဘာကြောင့် ဝင်ရမှာလဲ' ဟူသော အတွေးတစ်ခုက သူ့ကို ဟန့်တားသေး၏။ သို့သော် အချို့သောကိစ္စများ၌ ဖြေရှင်းချက်ဆိုသည် သိပ်လိုအပ်လှသည် မဟုတ်ချေ။

ထိုသို့ဖြင့် ... နဂါးကြီး၏ ပါးစပ်ပေါက်အတွင်းသို့ သူ ဆင်းဝင်ရောက်ရှိသွားတော့သည်။

ရှည်လျားစွာ ခွေလိပ်ရစ်ကောက်သွားသော လမ်းကြောင်းသည် ကြောက်မက်ဖွယ်ရာ အတိပြီး၏။ သူ့စိတ်ကို တည်ငြိမ်အောင် ထိန်းကာ လျှောက်ခဲ့သည်။ မှောင်လိုက်လင်းလိုက်နှင့် နဂါးလိုဏ်ခေါင်းတစ်ခုလုံးမှာ မြူခိုးရနံ့တွေ အုံ့ဖြာနေသည်။ လေအေးသံကိုလည်း တလူးလူးတလိမ့်လိမ့် ကြားရ၏။ သူ့စိတ်အာရုံကို ဝိုးရီဝေဝါးပြားစေတော့သည်။

နဂါးဝမ်းဗိုက်တစ်နေရာမှာ သူ့ခြေစုံ တုံ့ရပ်သွားမိတော့သည်။

"ဟော ..."

၄။ နဂါးကြီး၏ ရင်တွင်းနံရံမှာ စာကြောင်းများ ရေးထား၏။ အလင်းအား ပျော့ကာ မှောင်စို့စို့ ဖြစ်နေသော်လည်း စာကြောင်းများ တမှု ဖတ်၍ရ၏။

"လောကထဲမှာ လမ်းလျှောက်နေသော သချိုင်းမှတ်တိုင်များကို လူ ... ဟု ခေါ်၏"

သူ အလွန်အမင်း စိတ်ဝင်သွားမိ၏။ နဂါးကောက်ကြောင်းအတိုင်း တစ်စတစ်စ တိုးဝင်လျှောက်သွားရင်း စာကြောင်းများကို အငမ်းမရ ဖတ်သွားမိ၏။ စာကြောင်းများက လူ့လောကကြီး၏ လျှို့ဝှက်ချက်များကို ရေးထားခြင်းဖြစ်၏။ ဖတ်သွားရင်း ဖတ်သွားရင်းက သူ့ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ သွေးခုန်နှုန်းတွေ မြန်ဆန်းမက မြန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com




"ထိုသို့ဖြင့် အက်တမ်ဗုံးတစ်လုံး ပေါက်ကွဲပြီးနောက် တစ်လုံး ထပ်ပေါက်လုပေါက်ခင် ကြားကာလကလေးကိုသာ 'ငြိမ်းချမ်းရေး' ဟု လူတို့ ခေါ်လာကြရမည်"

"အိုး ... ကယ်တော်မူပါ"

သူ့ခန္ဓာကိုယ် ယိမ်းထိုးတုန်ခါသွားမိ၏။

၅။ နှုတ်ခမ်းကို တင်းတင်းဖိကိုက်ပြီး စိတ်ကသောင်းကနင်း ဖြစ်မှုကို ထိန်းသည်။ အသက်ကို တစ်ချက်ချင်း ခပ်ပြင်းပြင်းရှုရှိုက် ဆက် ဖတ်သည်။

တစ်နေရာတွင် အောက်ပါအတိုင်း တွေ့ရသည်။




S = ကတ္တား (Subject)

O = ကံ (Object)

V = ကြိယာ (Verb)

C = အခွင့်အရေး (Chance)

"တစ်စုံတစ်ရပ်သော အခွင့်အရေးကိုရသည်နှင့် တစ်စုံတစ်ယောက်သော သူက တစ်စုံတစ်ယောက်သူကို တစ်စုံတစ်ရာပြုမှု၏။ ထိုသို့ဖြင့် လူ့လောကသည် သွက်သွက်ခါအောင် လည်ပတ်ချေလိမ့်မည်"



၆။ ဘူမျက်လုံးအစုံကို ဖိမှိတ်ပစ်လိုက်မိ၏။ အံကိုကြိတ်ရင်း အထိန်းအချုပ်မရှိ လဲပြိုကျသွားတော့သည်။

စိတ်အမြင်မှာတော့ ကမ္ဘာသည် မှုန်ရီပြာမှိုင်းလျက်။

မြင်းခွာသံများ၊ ကျွန်ထိန်း၏ ကျာပွတ်ထိပ်ဖျားမှာ အိပ်မက်တို့ အရေခွံကျွတ်ပြီး ပါသွားခဲ့၊ အိမ်ရှင်မတို့လည်း အနက်ရောင်ဝတ်စုံနှင့် စကားမဆိုဘဲ ရပ်နေကြ၊ ဂျုံခင်းတွေ မီးဟုန်းဟုန်းတောက်၊ လူ့သမိုင်းက စကြာတံဆိပ်လို ပြတ်တောက်ကွေးလိပ်၊ အက်ဆစ်ကျောက်တုံးတွေ၊ သိပ္ပံမီးကျည်တွေက ဝုန်းခနဲ ဖူးပွင့်ဝေဆာ၊ သေမင်းရဲ့လက်ဖဝါးမှာ အသက်လမ်းကြောင်းပါသလား။

" ________________ "

စိတ်ရှိလက်ရှိ ဆွဲဖြဲခံလိုက်ရသော 'ဘူ' ဖဲတစ်ချပ်လို ဘဝသည် ပြဲထွက်သွား၏။ နေရာမှ အားတင်းထ၊ ဒယိမ်းဒယိုင်ဖြင့် သူ ဆက်လျှောက်ခဲ့သည်။

၇။ ဦးနှောက်ထဲတွင် ဘာမှမရှိတော့၊ အားလုံးသည် ဟာလာဟင်းလင်း အသိမဲ့စွာ ဆက်လျှောက်နေရင်းက တငြိမ့်ငြိမ့်နှင့် စိမ့်အေးလာသလို ခံစားရသည်။ တစ်နေရာအရောက် ...

"ဟင် ... "

ဒီတစ်ခါ သူ မြင်လိုက်ရသည်က ဝါလွဲ့ရွှန်းမြနေသော မီးအိမ်တစ်လုံး။ မီးအိမ်အနီးမှာက နံရံကို မှီထောင်ထားသော တောင်ဝှေးတစ်ချောင်း။

"ဘာတွေလဲ"

မပီမသ ရေရွတ်ရင်း အနားသို့တိုးကပ်ကာ ကြည့်လိုက်၏။ မီးအိမ်ကိုတော့ ဒိုင်အိုဂျီးနီးစ်၏ မီးအိမ်ဖြစ်ကြောင်း သူ သိလိုက်သည်။ တောင်ဝှေးကို သေသေချာချာ အကဲခတ်၏။ ချက်ချင်းသိသလိုပင်

www.burmeseclassic.com

www.burmeseclassic.com



ဟစ်ပိုကရေးတပ်ဆိုလား၊ ဘာလား၊ ထိုသမားတော်ကြီး၏ ဆေးတောင်ဝှေးဖြစ်ကြောင်း သူ ရိပ်မိလိုက်သည်။

သူ့အာရုံမှာ ကြည်လင်သည်။ မီးအိမ်ကို မီးစာမြှင့်လိုက်၏။ အလင်းတန်းများ ပြန့်စီးကာ နံရံပေါ်မှ စာသားများကို သူ ဖတ်လိုက်ရပြန်သည်။

"ထိုအခါ လူသားတို့သည် ဒုက္ခကို ရှေ့လို့ဝတ်ထားရာမှ လွတ်မြောက်ကြအံ့၊ နှိမ့်ချတတ်သော ဦးခေါင်းများဖြင့် မြင့်သည်ထက် မြင့်ကြအံ့၊ မြေသားပန်းကန်မှာ ကောက်နှံပင်တွေ ဝေဖြိုးပြီး အသရေ တိုးသည်ထက် တိုးကြအံ့"

ညွတ်နူးလှစွာပင် သူ ... ဒူးထောက်ထိုင်ချလိုက်၏။

၈။ (............

.................)

လောကငြိမ်းချမ်းရေး ဖော်မြူလာတစ်ခုကို ရေးထားခြင်း ဖြစ်သည်။

ဖတ်ရင်းက သူ မျက်ရည်ကျ၏။ ကြည်နူးလွန်းသဖြင့် ရင်ထဲမှာ နင့်နေသည်။ မှတ်မိနေပြီဖြစ်သော်လည်း ထိုစာကြောင်းများကို ကြည့်မဝလွန်းသဖြင့် အခေါက်အခေါက်အခါခါ ထပ်ဖတ်နေမိသည်။

"ငါ ... ငါ ... လူတွေဆီ ပြန်သွားမယ်၊ လူတွေကို ဒီအတိုင်း ပြန်ပြောပြရမယ်၊ ဒါမှ လူ့လောကကြီး ငြိမ်းချမ်းသာယာလာလိမ့်မယ်၊ ငါ ... ငါ လုပ်မယ်၊ သွားမယ် ... ပြန်မယ်"

ကတုန်ကယင် လျှောက်ပြောနေမိ၏။ ဒူးတုပ်ထိုင်ရာမှ မတ်တတ်ထရပ်သည်။ မီးအိမ်နှင့် တောင်ဝှေးကို လေးမြတ်စွာ တစ်ချက်ကြည့်လိုက်ရင်း လာလမ်းအတိုင်း ပြန်လှည့်လိုက်သည်။

ထိုစဉ်မှာပဲ ...



"ဝရန်း"

"အား ... "

၉။ သူ ... သတိရလာသောအချိန်တွင် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ ဦးခေါင်းတစ်ခုလုံး မူးအိုင်ကာ အမြင်အာရုံထဲမှာလည်း အရာရာသည် မသဲကွဲ၊ မှောင်မည်းလျက်။

"အား ... ကျွတ် ... ကျွတ်"

သူ အားယူပြီး လူးထသည်။ အတော် ကြိုးစားယူရ၏။ ဖြစ်ပျက်မှုကို ဆက်စပ်စဉ်းစားနိုင်လာသည်။ နဂါးကြီး လူးလွန့်လိုက်သောကြောင့် သူ ကျွမ်းထိုးမှောက်ခုံလဲပြီး (တစ်စုံတစ်ရာနှင့်) ဆောင့်မိခြင်းဖြစ်သည်။

တစ်ချခြင်း၊ တစ်ချခြင်း သူ ပြန်သတိရလာသည်။

"ဟာ ... ငါ လူတွေဆီ ပြန်သွားရဦးမယ်"

ထိုအသိက သူ့ကို လှန့်နိုးလိုက်သလို ဖြစ်သွား၏။ လူ့လောကထဲသို့ ပြန်ဝင်ကာ လူတွေကို ငြိမ်းချမ်းရေးဖော်မြူလာ ပြောပြရဦးမည်။

"သွားမှပဲ ... တော်ကြာ"

နဂါးကြီး ပါးစပ်ပြန်ပိတ်သွားမည်ကို ခုမှ စိုးရိမ်မိသည်။ နာကျင်ကိုက်ခဲမှုများကို ကြိတ်မှိတ်သည်းခံကာ ဝင်ခဲ့သောလမ်းအတိုင်း အရှူးတစ်ပိုင်း ပြန်ပြေးထွက်ခဲ့၏။ အပြိုပြိုအလဲလဲ၊ ပြန်ထ၊ ဆက်ပြေး မောဟိုက်ဆို့နင် ... ထိုသို့ဖြင့် ...

၁၀။ "တော် ... တော်ပါသေးရဲ့"

မဖော်ပြနိုင်လောက်အောင် ပျော်သွားပြီး ဝရန်းသုန်းကားလဲသွားသည်။ နဂါးခံတွင်းက ဟောင်းလောင်းပွင့်ဆဲ။ ပြန်လာ ... နဂါးခံတွင်းထဲမှ အပြင်မြေသားအပေါ် ခုန်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အောင်ပြီကွ …"

မြေ၏ အထိအတွေ့သည် ရင်းနှီးဖော်ရွေလှတော့၏။

ဘာရယ်မဟုတ်ဘဲ နဂါးကြီးကို သူ မော့ကြည့်နေမိပြန်သည်။ ဝမ်းနည်းဝမ်းသာ ခံစားနေရ၏။ ထို့နောက်မှ သူလာလမ်းဘက် ပြန်လှည့်ကာ တောင်တန်းများဆီ မျှော်ကြည့်၏။ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချ၏။

"ငါ သေရင် သေပါစေ၊ အရိုးကြေရင်လည်း ကြေ၊ အရေစုတ်ရင်လည်း စုတ်၊ လူ့လောက ငြိမ်းချမ်းရေးအတွက် ငါ လုပ်မယ် … ငါ ပြန်မယ်"

ထို့နောက် သူ့နှုတ်ဖျားမှာ ငြိမ်းချမ်းရေးဖော်မြူလာကို အဆက်မပြတ် ရွတ်ဆိုရင်း လူသားတို့ထံ သူ လှည့်ပြန်ခဲ့ပါတော့သည်။ ဂရိနတ်သားက 'မီး'ကို ခိုးပြီး ပျံသန်းပြေးထွက်သကဲ့သို့ သူသည်လည်း တရိပ်ရိပ် ပြေးထွက်ခဲ့ပါတော့သည်။ သို့သော် …

၁၁။ နှစ်ပေါင်းများစွာ ကြာသွားသည့်တိုင် … လူသားတို့ထံ သူ မရောက်လာနိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် နဂါးကြီးက လူးလွန့်ကာ ကိုယ်နေဟန်ထား ပြောင်းစဉ် ဦးခေါင်းကိုလည်း တစ်ဘက်မှတစ်ဘက်သို့ ရွှေ့ပြောင်းခဲ့သောကြောင့်ဖြစ်သည်။ (ရိုးရိုးသားသား ညောင်း၍ ပြောင်းခြင်းဟု ယူဆရပါ၏၊ သို့သော် သူ့အတွက်ကတော့ မြို့တော်အထပ်ထပ်နှင့် လွဲချော်တိမ်းမှောက်ခဲ့ရပြီ)

နဂါးခံတွင်းမှ ပြန်ထွက်ကတည်းက သူ့ လမ်းကြောင်းက ပြောင်းလဲမှားယွင်းခဲ့ပြီ ဖြစ်လေသည်။ ထိုသို့ဖြင့် နှစ်၊လ၊ရာသီတို့ ကုန်လွန်ခဲ့သည်။ သူကား ရောက်မလာ။ မျှော်ရင်း၊ နှင့်ရင်း၊ ခရီးဆက်ရင်းဖြင့် သူကိုယ်တိုင် ပျောက်ဆုံးသွားပါတော့သည်။



(တစ်ခါ တစ်ခါတော့လည်း တယ်လီဖုန်း နားထောင်ခွက်ထဲမှာ 'ဟဲလို … ဟဲလို' ဟူသော ဘယ်ကမှန်းမသိသည့် ခေါ်သံတစ်ခု ဝင်ရောက်နေတတ်ပါသည်။ ထူးကြည့်၊ မေးကြည့်၊ နားထောင်ကြည့်ကြပါဦး။ မတော်တဆ … သူ ဖြစ်နေလျှင် … )

◆….◆

www.burmeseclassic.com

# လူ နှင့် လောကဓဖြတ်ပိုင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



(၁)

ခပ်ကြမ်းကြမ်း ခြေသံတစ်ခု ဝင်ရောက်လာသည်ကို သိသော်လည်း ပညာရှင်ကြီးက လှည့်မကြည့်၊ စက်ပိုင်းများကိုသာ ဆက်ခွဲနေသည်။

ဂူတွင်းသို့ ဝင်ရောက်လာသော ရောမစစ်သားက မျက်နှာကြမ်းတမ်းသလို စကားပြောသည့်နေရာတွင်လည်း ကြမ်းတမ်းလေသည်။

"ဒီအခြေအနေတောင် ရောက်နေပြီ၊ ခင်ဗျားကြီးက စိတ်မပျက်သေးဘူးလား"

ပညာရှင်ကြီးက ဘာမှပြန်မပြောချေ။ တွက်လက်စသင်္ချာကိုဆက်တွက်နေသည်။ လိုလားနားလည်ပုံ မပေါ်သော ရောမစစ်သားက မြေပေါ်မှာ ရေးခြစ်တွက်ချက်ထားသမျှကို ခြေထောက်ဖြင့် ပွတ်ချက်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားသာရာ ... အာနိမိဒ် ဘယ်လို သေသွားတယ်ဆိုတာ ခင်ဗျားအမြင်ပဲ၊ ခင်ဗျားအနေနဲ့ လိမ္မာဖို့ လိုတယ်"

ပြောပြီး ဂူထဲမှ ပြန်ထွက်သွား၏။ ပညာရှင်ကြီးက တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့လေသည်။

◆----◆



(၂)

ပညာရှင်ကြီး၏ ဂူတွင်းမှ အကျဉ်းကျ နှစ်ကာလများသည် ရှည်လျားလာ၏။ ခံတပ်တည်ဆောက်မှု သချာပညာကို ရန်သူဘုရင်ထံ တင်သွင်းဆက်သခြင်း မရှိသောကြောင့် သူ ဤသို့ အချုပ်အနှောင် ခံနေရခြင်းဖြစ်၏။

"အိုး ... ကြည့်စမ်း၊ ခင်ဗျားရဲ့ နှုံသာဖြူပုံကြီးက ကြောက်စရာကြီးပါလား"

အာဟာရချို့တဲ့မှု၊ အလင်းရောင်နည်းပါးမှု၊ ဂူတွင်းမှ စိုစွတ်ထိုင်းမှိုင်းမှု စသည်တို့ကြောင့် ပညာရှင်ကြီး၏ အသားအရေသည် ကြောက်စရာကောင်းလောက်အောင် ဖျော့တော့ဖြူရော်နေသည်။

ရန်သူ ရေမသားများက ခြောက်လတစ်ကြိမ် သူ့ကို လာရောက်ကြည့်ရှုကြ၏။ အခြားသော ဂရိလူမျိုးတို့၏ သူရဲဘောကြောင်မှုများကို သူ့ကို လာရောက်ပြောကြားကြ၏။ သူ မည်သို့မျှ တုံ့ပြန်ပြောဆိုခြင်း မပြုခဲ့။

ဂူထဲမှာ တိတ်ဆိတ်စွာ သင်္ချာတွက်ရင်းဖြင့်ပင် တစ်နှစ်ပြီး တစ်နှစ်ကို လွင့်ရော်ဖြတ်သန်းလာခဲ့ရလေသည်။

◆----◆

www.burmeseclassic.com

www.burmeseclassic.com



(၃)

"ခင်ဗျား တော်တော်မိုက်တဲ့လူပဲ ... ကြည့်စမ်း ... နှစ်တွေ မနည်းတော့ဘူး၊ ခင်ဗျားလည်း ဆံပင်တွေဖြူ၊ မုတ်ဆိတ်တွေ ဖြူပါ ရော့လား"

သူ့ဆံမျှင်၊ မုတ်ဆိတ်တို့ ဖြူရော်လာကာ သူ့ခါးလည်း ကုန်းခဲ့ပြီ၊ သူ၏ အိုမင်းလာမှုကို ရန်သူတို့ ရယ်သွမ်းသွေးကြ၏။ လှောင်ပြောင်သရော်သော စကားများနှင့်အတူ ဤအချိန်တိုင်အောင် မပြောင်းလဲသော သူ့စိတ်ထားကိုလည်း မကျေမနပ် ဆဲဆိုပြောကြားကြ၏။

သူကတော့ ဂူထဲမှာ သင်္ချာတွက်ရင်း တစ်ခါတစ်ခါ အဝေးကို ငေးရင်း၊ သူ့ဆရာဖြစ်သူ 'အာခိမိဒိ'၏ ရဲရင့်စွာ ကျဆုံးမှုကို ပြန်လည်မြင်ယောင်ရင်း နှစ်ကာလတို့ကို ထပ်မံလွန်မြောက် ဖြတ်သန်းခဲ့ပြန်၏။

ထိုသို့ဖြင့် သူ့မျက်လုံးတို့ပင် ကွယ်ခဲ့လေပြီ။

ရန်သူက သူ့ကိုကြည့်ပြီး တဟားဟား အော်ရယ်၏။

"ဟာ ... ခင်ဗျားရဲ့မျက်လုံးက အဖြူကြီး ဖြစ်သွားပါလား



ခင်ဗျား ကန်းပြီပေါ့၊ ခင်ဗျား အရှုံးပေးဖို့ကောင်းပြီလေဗျာ၊ ဟား ဟား ဟား ..."

ထိုင်ရာမှ သူ ဆတ်ခနဲ ထရပ်လိုက်သည်။ သူ့မျက်လုံးနှစ်လုံးကို သူ့လက်ဖြင့်ပင် ထိုးဖောက်ကုတ်ထုတ်ပစ်လိုက်၏။ မျက်နှာပေါ်မှာ သွေးတွေ ပွက်အန်ရဲပြာသွားသည်။

"ဟင် ... ခင်ဗျား ... ခင်ဗျား"

"အေး ... မင်းတို့ မှတ်ထား၊ အရေပြားတွေ ဖြူရုံမကလို့ ဆံပင်မုတ်ဆိတ်တွေ ဖြူရုံမကလို့ မျက်လုံးအစုံပါ ဆွတ်ဆွတ်ဖြူသွားပလေ့စေ ..."

မျက်နှာပေါ်မှ သွေးများကို လက်နှင့်သပ်ချပြရင်း

"အဲဒီမှာ ကြည့်ထား၊ ငါ့သွေးက ဘယ်တော့မှ မဖြူဘူးကွ"

"ခင်ဗျား ... ခင်ဗျား"

ရန်သူစစ်သား၏ ကြောက်လန့်တကြား နောက်ဆုတ်သွားမှုကို သူ ကြားသိနေရသည်။ အောင်မြင်သူတစ်ယောက်လို ပြုံးရင်း ဖြည်းညင်းစွာ သူ လဲကျ၏။ အသက်ရှူသံ ရပ်သွားသည်။

ရဲရင့်စွာ သူ ကျဆုံးသွားလေသည်။




X=(0)

"A က သူ့ရဲ့ကောင်းစိတ်လို့ ဆိုပါစို့၊ B က ကြောက်ရွံ့ခြင်း အညံ့ခံခြင်းတရားတွေ ဆိုပါစို့၊ A အစုနဲ့ B အစုနဲ့ ဖြတ်ပိုင်း X ဟာ သုညရတယ်"

စိတ်ဝင်တစား နားထောင်နေသော တပည့်များကို ဆရာက အဆုံးသတ် စကားပြော၏။

www.burmeseclassic.com



"သူ့ရဲ့ကောင်းမိတ်နဲ့ အညှံ့ခံ အရှုံးပေးခြင်းတရားတွေရဲ့ ကြားမှာ ဆက်နွယ်မှုဟာ တစ်ခုတည်းရှိတယ်၊ အဲဒါကတော့ 'သုညဆက်နွယ်မှု' ပဲ ဖြစ်တယ်"

စာသင်ခန်းထဲမှာ ခေတ္တ တိတ်ဆိတ်သွားလေသည်။ ဘာကြောင့်ရယ်တော့ မသိ။ မည်သူကမှ စကားမပြောဘဲ ငြိမ်သက်နေမိကြသည်။

◆----◆

## လှ နှင့် နွေရာသီဂီတ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



(၁)

စကားပြောမည့်ဟန်ပြုပြီးမှ မပြောသေးဘဲ သူ့လက်ထဲမှ ဝီစကီ ခွက်ကို မျှင်း၍သောက်၏။

ထိုနောက်မှ စားပွဲပေါ်သို့ အသံမမြည်အောင် ပြန်ချကာ ဤ နောက်ပိုင်းများအတွင်းဝယ် သူ မကြာမကြာပြောနေကျဖြစ်သော (ယခင် က ပြောလေ့ပြောထ လုံးဝမရှိသော) စကားတစ်ခွန်းကို ဆို၏။

လူဟာ လှလှပပ သေတတ်ဖို့ လိုတယ်ဗျ။ Beauty in death ဆိုတဲ့ စကားလေးကို ခင်ဗျား ကြားဖူးတယ်မို့လား။ ကျွန်တော်တို့ ဟာ သေခြင်းကို လှလှပပ ရင်ဆိုင်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်သင့် တယ်။

မျက်နှာကျက်မှ ပန်ကာအိုကြီး၏ တုန်ရီနှေးကွေးစွာ လည် ပတ်နေမှုက နွေနေ့လယ်ခင်းကို ပို၍ ငြီးငွေ့စိတ်ပျက်ဖွယ်ရာ ဖြစ်တော့ သည်။

စတင် ကြားရစဉ်ကတည်းက ဘာမှ တုံ့ပြန်ပြောဆိုမှု မပြုခဲ့မိ သော သူ့စကားအတွက် ယခုအချိန်မှာတော့ ကျွန်တော် ဘာကိုမှ

www.burmeseclassic.com

www.burmeseclassic.com



တောအတာတာတ်ခနေတော့ပါ။ ဖန်ခွက်ပတ်လည်တွင် ဝန်းခိုတွဲအိနေသော ရေခဲငွေမှုန်များကိုသာ စစ်ရှုံးပြီး ပြိုကျလာသော ရေခဲတောင်ကြီးများသဖွယ် ငေးမောစိုက်ကြည့်နေလိုက်၏။

ဆိုင်ပြတင်းမှတစ်ဆင့် ဟိုဟိုဒီဒီ လှမ်းမျှော်ကြည့်လျှင် နေရောင်ဖြင့် စိုရွှဲနေသော သစ်ပင်ကားကားကြီးများကို မြင်နေရသည်။ ကြည်နူးစရာ သိပ်မကောင်းလှ။ လက်ထဲမှ ဖန်ခွက်ကို ပြန်ချလိုက်သည်။

သူနှင့် ပတ်သက်သော အကြောင်းအရာများက မစဉ်းစားရပါဘဲ ခေါင်းထဲမှာ အညီအညာ ပေါ်လွင်လာ၏။

သူနှင့် ကျွန်တော် သိပ်ခင်ကြသည်ဆိုသောအချက်က ဘာအကြောင်းပြချက်မှ မလိုလှဘဲ မြဲမတ်ခိုင်မာနေသည်။

နှစ်ကိုယ့်တစ်စိတ်၊ နှစ်ယောက်တစ်အိပ်မက်ဟု … ပြော၍ရလောက်အောင် သူရယ် ကျွန်တော်ရယ် အတွဲညီခဲ့ကြ၏။

ကျွန်တော်တို့နှစ်ယောက်လုံး ဗျပန်ရုပ်ရှင်ကားတွေကို ကြိုက်လှေ့ရှိသလို ခရီးထွက်ရတာကိုလည်း သဘောကျတတ်ကြ၏။ ဝီစကီအရက် ဆယ်ပြင်းပြင်းကို စွဲလမ်းနှစ်ခြိုက်ရာမှာလည်း တူညီနေပြန်သည်။

ဤမြို့ကလေးတွင် သူနှင့် ကျွန်တော်သည် အတွဲအများဆုံး မိတ်ဆွေနှစ်ယောက် ဖြစ်ခဲ့၏။

သူ့ကို ကျွန်တော်က နားမလည်တာရှိသည်ဟု ဆိုမိလျှင် အချို့သူများက ယုံကြည်လိမ့်မည် မဟုတ်။

ကျွန်တော်ကလည်း သူ့ကို နားမလည်တာ တစ်ချက်တည်းရှိပြီး ထိုအချက်ကလည်း ယခု သူ ပြောသွားသောစကားပင် ဖြစ်လေသည်။

လှပစွာ သေဆုံးခြင်း …

ထိုစကားကို သူ ပြောတိုင်းမှာ သာမန်မဟုတ်သော အရိပ်ငွေ့



တချို့ ဝေ့ဝဲလွန့်လူးနေသည်ဟု ကျွန်တော် ခံစားမိသည်။ သူ့အမူအရာများကလည်း ခါတိုင်းနှင့်မတူဘဲ တစ်မျိုးဖြစ်နေသည်။

သူ့မှာ အကြောင်းတစ်ခုခု ရှိနိုင်ပါ၏။

သူ မပြော၍ ကျွန်တော် မမေးဘဲ နေမိခြင်းသည် တစ်ခုခု လွဲချော်နေပြီလားဟု ကျွန်တော် စဉ်းစားဆဲ …

"ခွမ်း"

ထိုဖန်ခွက်ကွဲသံထဲမှာပဲ လှို့ဝှက်ချက်၏ တစ်စိတ်တစ်ပိုင်းကို ကျွန်တော် သိလိုက်ရပါတော့သည်။

ကျွန်တော်တို့ ဘေးစားပွဲမှ လူတစ်ယောက်၏ ဖန်ခွက်လွတ်ကျပြီး ကွဲသွားခြင်း ဖြစ်ပါသည်။

ထိုသို့သောကိစ္စသည် စားသောက်ဆိုင်များတွင် ဆန်းလှေ့ဆန်းထ မရှိပါ။

သို့သော် သူက လန့်ဖျပ်ကာ မတ်တတ်ရပ်ပြီးမှ ဣန္ဒြေပြန်ဆယ်ပြီး 'ဟက်' ခနဲရယ်ပြီး 'ကျွန်တော်က ကျည်ဆန်မှန်တာလားလို့'

ကျွန်တော်က ဘာမှပြန်မပြောသောအခါ သူက သက်ပြင်းတစ်ချက်ချရင်း သူ့စကားကို ဆက်ဆိုလေသည်။

"ကျွန်တော်က . . . . . . . . . ."

နောက်ပိုင်းစကားလုံးတွေ တိုးငြိမ်သွား၏။

"ကျည်ဆန်တစ်တောင့်ကို စောင့်နေတာပါ"

◆....◆

www.burmeseclassic.com

www.burmeseclassic.com



(၂)

အကြောင်းတိုက်ဆိုင်၍ ထိုကိစ္စကို ပြောပြမိသည့်အခါတိုင်းမှာ သူငယ်ချင်းအားလုံးသည် မျက်လုံးအဝိုင်းသားနှင့် စိတ်ဝင်တစား နားထောင်နေတတ်ပြီး သိပ်မထူးခြားလှပါဟု ထင်မြင်သူကပင်လျှင် ဤဖြစ်ရပ် သိပ်မရိုးစင်းလှဟု ထပ်ဆင့်ထင်မိသဖြင့် ရေငုံနှုတ်ဆိတ်ပြီးသာ နားထောင်နေတတ်သည်။

နောက်ပိုင်းရက်တွေမှာလည်း အဲဒီလိုပဲ။

သူ့ဆီ ကျည်ဆန်တစ်တောင့် ရောက်လာမယ်ဆိုတဲ့အသိနဲ့ သူ စောင့်နေတော့တာပဲ။

"ဘာဖြစ်လို့လဲ ... အဲဒါ ဘယ်လိုဖြစ်တာလဲ"

ဝေဝေဝါးဝါးပင် ကျွန်တော် ပြုံးလိုက်မိ၏။

နံရံဆီငေးကြည့်ရင်း နှုတ်ခမ်းကိုလည်း ဖွဖွကိုက်ထားမိသေးသည်။

တကယ်တော့ ကျွန်တော် မပါဘဲ ရုပ်ရှင်သွားကြည့်သည်ဆိုတာ သူ့အတွက် အတော်ရှားပါးလှပါသည်။



ကျွန်တော်တို့ နားမလည်နိုင်မိသော ဤဖြစ်ရပ်ကလည်း ... ကျွန်တော် မပါဘဲ သူတစ်ယောက်တည်း သွားကြည့်သော ရုပ်ရှင်ပွဲတစ်ခုမှ စတင်ခဲ့ခြင်းဖြစ်၏။

ထိုရုပ်ရှင်ကားနာမည်ကို သူ မမှတ်မိတော့ဟု ကျွန်တော် သိရသည်။

သူမှတ်မိသည်က နှင်းဆီဖူးလေးတစ်ခုက 'ဖန်း'ခနဲ မြည်ဟည်းပြီး နှင်းဆီပွင့်အဖြစ် ပြောင်းလဲသွားခြင်းကို ဖြစ်သည်။ နှင်းဆီဖူးကလေး ပွင့်ထွက်သည့် ထို 'ဖန်း'ခနဲ မြည်သံကို သေနတ်သံဟု သူ ခံစားလိုက်ရသည်။ နှင်းဆီပန်းကလေး ပွင့်ထွက်လာစဉ် ပန်းဖူးထဲမှ ကျည်ဆန်တစ်တောင့်က သူ့ရင်ဘတ်ဆီ 'ဝီ'ခနဲ တိုးဝင်လာသည်ဟု သူ သိလိုက်၏။

ထိုခဏမှာ သူ အသက်မဲ့သလို ဖြစ်သွားရ၏။

အသက်ရှူရပ်မိသည်နှင့်အမျှ ဝိညာဉ်လည်း လွင့်ကျွတ်ထွက်သွားသည်။

ပတ်ဝန်းကျင်တစ်ခုသည် လုံးဝတိတ်ဆိတ် ... ။

ရထားဘီးက သံလမ်းကို မီးပွင့်အောင် ပွတ်ကြိတ်လိုက်သည့်နယ် သူ့စိတ်တွေ တကျိုကျိုး အသံမြည်ပြီးမှ ငြိမ်ကျသွားသည်။

သူ အိမ်ပြန်လာခဲ့သည်။

အရာရာကို စိတ်မပါဘဲလျက် အရာပေါင်းများစွာကို ကျော်ပေးပြီး သူ အိမ်ပြန်လာခဲ့ရသည်။

ရထားကြီးတစ်စင်းက သူ့နောက်မှ ဥဩဆွဲပြီး ပြေးလိုက်လာသလို ချောက်ချား၏။

သူ့ခြေအစုံကို ရပ်လိုက်မိ၏။

ဖြည်းဖြည်းချင်း ပြန်လှောက်၏။

ကျည်ဆန်တစ်တောင့်က သူ့နောက်မှ (အေးသေးဆေးဆေး)

www.burmeseclassic.com

www.burmeseclassic.com



ပျံသန်းလိုက်လာပါသည်ဟု သူ သိလိုက်လေသည်။

"သူ ငါတို့မြို့မှာ ကုန်ခဲ့တယ်၊ သိပ်စိတ်ဝင်စားရင်တော့ ဒီတစ်ခါ ငါ ပြန်ရင် လိုက်ခဲ့ကြပေါ့ ... သူ့ကို တွေ့မှာပေါ့၊ အခုထိ သူဟာ သူ့ ဆီလာမဲ့ ကျည်ဆန်ကို စောင့်နေတုန်းပဲ"

ညနေသည် မြူတချို့ကို ရွှေရောင်ဝင်းစေသည်။

မည်သူ သိဆိုနေမှန်းမသိသော ဘဝသံသရာသီချင်းကိုလည်း ခပ်လှမ်းလှမ်းမှ တိုးသဲ့စွာ ကြားနေရ၏။

ကျွန်တော်တို့အားလုံး ... အတန်ကြာ ငြိမ်သက်နေမိပြီးမှ ကျွန်တော် တစ်ယောက်တည်း ပြောသလို ရေရွတ်မိပြန်သည်။

"လှလှပပ သေဆုံးသွားတာဟာ လှလှပပ ရှင်သန်ခဲ့တာပဲ ဖြစ်မှာပေါ့ ... ဒါဟာ"

◆----◆



(၃)

သူ၊ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းတစ်ယောက်တို့ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်မှာ ဆုံစည်းမိကြပါသည်။ သူ့ဘာသာ စားပွဲတစ်လုံးမှာ တစ်ယောက်တည်း ထိုင်နေရင်းက မမျှော်လင့်ဘဲ ကျွန်တော့်ကို တွေ့လိုက်ရသဖြင့် ... သူ ဝမ်းသာသွားပုံရလေသည်။ အင်္ဂလိပ်ဝတ္ထု စာသားတစ်ပုဒ်ထဲကအတိုင်း

'နွေရာသီကတော့ ပျံလွှားတွေနဲ့အတူ ခင်ဗျားကိုပါ ယူလာတာကိုး' ဟု အင်္ဂလိပ်လို လှမ်းပြော၏။

ကျွန်တော်တို့ ထွေရာလေးပါး စကားတွေကို ရယ်ကာမောကာ ထိုင်ပြောဖြစ်ကြ၏။

ကျွန်တော်နှင့်သူ နောက်ပြောင်ပြောဆိုနေသည်ကို ကျွန်တော့် သူငယ်ချင်းက နံဘေးမှ အကဲခတ်နေသည်။

(သူ့ကို အကဲခတ်ခြင်းသာ ဖြစ်လေသည်)

သူက နှစ်လိုဖွယ်ရာကောင်းလောက်အောင် လန်းဆန်းတက်ကြွနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ချက် လက်မှနာရီကိုကြည့်လိုက်၊ ဆိုင်ပေါက်ဝကို လှမ်းကြည့်လိုက်နှင့် တစ်စုံတစ်ရာကို စောင့်မျှော်ဟန်လည်း ရှိ၍ ကျွန်တော်က မေးလိုက်မိသည်။

"ခင်ဗျားက ဘာကို မျှော်နေတာလဲ"

ထိုအခါ သူက ကျွန်တော့်ကို အပြစ်တင်သလိုကြည့်ရင်း

"ခင်ဗျား သိရက်သားနဲ့ဗျာ"

"ဘာလဲ _ ဘာကို သိရမှာလဲ"

သူက သူ့အကြည့်ကို ကျွန်တော့်မျက်နှာဆီမှလွှဲပြီး မသဲမကွဲ ရယ်ဟန်ပြုသည်။ ခပ်တိုးတိုးလေးဖြင့်

"ကျွန်တော့်ကျည်ဆန်ကို ကျွန်တော် စောင့်နေတာ"

ပြောပြီး သူက စားပွဲမျက်နှာပြင်ကို ငေးစိုက်ကြည့်နေလိုက်သည်။

ထို့ကြောင့် ကျွန်တော့်သူငယ်ချင်း၏ မျက်နှာအမူအရာပြောင်းလဲမှုကို သူ မရိပ်လိုက်မိပါချေ။ သူငယ်ချင်းက စားပွဲပေါ်သို့ ကက်ဆက်သေးသေးလေးတစ်လုံးကို မသိမသာ တင်လိုက်၏။

(သူ့စကားကို အသံဖမ်းရန်ဖြစ်သည်)

"ခင်ဗျားကျည်ဆန်ကရော လာမှာမို့လို့လားဗျာ"

"လာလိမ့်မယ် ... အခု လာလိမ့်မယ်"

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် အံ့သြသလို ဖြစ်သွားမိကြပြီး သူ့ကို ခပ်စူးစူး ကြည့်မိကြသည်။ ကျွန်တော်တို့ကို ပြုံးပြပြီး ကျွန်တော် အငိုက်မိသွားစေမည့် စကားတစ်ခွန်းကို ပြောချလိုက်သည်။

"ပြောရင်းဆိုရင်းကို လာနေပြီ ... အခု ဆိုင်ထဲဝင်လာသူဟာ ကျွန်တော်ဆီလာတဲ့ ကျည်ဆန်ပဲ"

ကျွန်တော်တို့ စကားဝိုင်းကလေး အံ့မှိုင်းတိတ်ဆိတ်သွား၏။



စိတ်ထဲမှာလည်း ယမ်းခိုးရနံ့တွေ ရှူလိုက်ရသလို ခံစားလိုက်ရသည်။

ဆိုင်ထဲဝင်လာသူကလည်း အခြားစားပွဲလွတ်တွေရှိလျက်နှင့် ကျွန်တော်တို့စားပွဲကိုမှ တည့်တည့်လျှောက်လာနေလေသည်။

ငယ်ရွယ်လှပသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်။

ထူးခြားသော အချက်တစ်ချက် ဖြစ်နေ၏။

သူမ ကျွန်တော်တို့ဆီ လျှောက်လာပုံက နှင်းဆီပန်းလေးတစ်ပွင့် လမ်းလျှောက်လာသလိုပင် သိမ်မွေ့နေသည်။

(ကျည်ဆန်တစ်တောင့် ပျံသန်းလာသလိုလည်း ပြင်းထန်လေသည်)

သူမက ကျွန်တော်တို့ကို အကဲခတ်သလို ဝေ့ကြည့်ရင်း သူ့ရှေ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

"ရောက်နေတာ ကြာပြီလား"

ဟု ဘယ်သူ့ကိုမှမကြည့်ဘဲ ပိုင်နိုင်ရဲရင့်စွာ မေး၏။

"မကြာသေးပါဘူး"

ဟု တိုးညှင်းတုံ့ဆိုင်းစွာ သူ ဖြေလေသည်။

ထို့နောက် သူနှင့်သူမတို့ စကားတိုးတိုးပြောကြလေသည်။

ဂစ်တာကြိုးတစ်ချောင်းဝယ်ရန်၊ ကလေးအချို့ကို စာသင်ပေးရန် ပန်းအလှပြပွဲတစ်ခုကို သွားကြည့်ရန် ...

စသော သိပ်အရေးမကြီးလှသည့် ကိစ္စများဖြစ်ပြီး ထိုကိစ္စများအားလုံးကလည်း အင်မတန် အရေးကြီးနေသယောင်ဝင် သူတို့နှစ်ယောက်အကြားမှာ စုန်ဆန်လူးလားနေသည်။

သူ့ကို ကျွန်တော် တွေ့မြင်နေရသည်ကလည်း မည်သည့်အခါကနှင့်မှမတူအောင် နူးညံ့ယဉ်ကျေးနေပေသည်။

ကျွန်တော်တို့ ရှူရှိုက်မိသော ယမ်းခိုးရနံ့က ချိုမြိုသောနှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



ရန့်အဖြစ် ပြောင်းလဲကာ ကျွန်တော်တို့အားလုံးအပေါ် စိမ့်ယိုပျံ့စီးကျနေ၏။

သူငယ်ချင်းက သက်ပြင်းတစ်ချက် ချရင်း စားပွဲပေါ်မှ ကက်ဆက်တလေးအပေါ် လက်တင်လိုက်၏။

ကက်ဆက်ထဲမှ သာယာသောဂီတသံများ ထွက်ပေါ်လာပြီး နွေရာသီသည် ဂီတနှင့်အတူ သူနှင့် သူမတို့အပေါ်သို့ ကျသွားသည်။

ကျွန်တော်တို့ ငေးကြည့်နေရလေသည်။

အတန်ကြာမှ ကျွန်တော်က သူ့ကို စကားဆိုမိပြန်သည်။

"ခင်ဗျားနဲ့ကျွန်တော် ခရီးမထွက်ဖြစ်တာ အတော်ကြာပြီနော်"

"အင်း … ဟုတ်တယ်၊ အားလည်း မအားပါဘူးဗျာ"

ဘာကြောင့်ရယ်တော့ မသိချေ။ သူက သူ့ကို ကျွန်တော် ခရီးထွက်ဖို့ခေါ်မှာကို စိုးရွံ့နေဟန်ရှိလေသည်။ တစ်ခါမှ ထိုသို့မကြုံဘူးသဖြင့် ကျွန်တော့်မှာ အထူးအဆန်းသဖွယ် ဖြစ်ရပါသေးသည်။

"ခု … ဂျပန်ကားသစ် ရုံတင်နေတယ် သွားကြည့်ကြရအောင်"

"ကျွန်တော် ကြည့်ပြီးပြီဗျ၊ သူနဲ့ပေါ့ … "

သူ့ကျည်ဆန်ကလေးကို မေးဆတ်ပြပြီး ပြန်ဖြေခြင်းဖြစ်သည်။

ကျွန်တော့်မှာ ခေါင်းညိတ်လက်လျှော့ရုံမှတစ်ပါး အခြား ဘာကိုမှ မတတ်နိုင်ခဲ့။

နောက်ဆုံးအနေနှင့်သာ …

"ကျွန်တော့်မှာ ဝီစကီအပြင်းစားတွေလည်း ပါတယ်"

သူ စိတ်ဝင်စားသွားလေသည်။

"ဟင် … ဟုတ်လား … ဘာတွေ"

သူ့စကားမဆုံးခင်မှာ သူ့ကျည်ဆန်လေးထံမှ သတိပေးချောင်းဆိုးသံလေး တဟွတ်ဟွတ် ထွက်လာ၏။

သူက ပြောလက်စ စကားကို ပြန်ပြောင်းကာ



"မသောက်တော့ပါဘူး … အရက်ကတော့ မသောက်တာဘဲကောင်းပါတယ်၊ ဘီယာလောက်ပဲ"

ဤတစ်ကြိမ်မှာလည်း သူ့စကားက မဆုံးလိုက်ပြန်ပါ။ မအောင့်နိုင်သော ကျွန်တော်နှင့် သူငယ်ချင်းဖြစ်သူတို့က ဝါးခနဲ ရယ်လိုက်မိသောကြောင့်ဖြစ်သည်။ ကျည်ဆန်ကလေးကို တစ်ချက်စိုးကြည့်ပြီးမှ သူကလည်း ကျွန်တော်တို့နှင့်အတူ လိုက်ရယ်ရှာသည်။

ခဏအကြာမှာ ကျွန်တော်တို့စားပွဲပေါ်သို့ ဘီယာပုလင်းများ ရောက်နေပြီဖြစ်၏။

သူ၊ ကျွန်တော်နှင့် သူငယ်ချင်းတို့ ဘီယာခွက်များ ဆန့်မြှောက်လိုက်ကြသည်။

ထို့နောက် … တိုင်ပင်မထားသော စကားတစ်ခွန်းသည် သုံးယောက်၏ နှုတ်ဖျားမှ ညီတူညာတူ ထွက်ကျသွား၏။

"Beauty in death"

ကျွန်တော်တို့ ရယ်လိုက်မိပြန်သည်။

ဤတစ်ကြိမ်မှာတော့ သူ့ကျည်ဆန်ကလေး၏ ရယ်သံလွင်လွင်ကလေးကပါ ရောရောနှောနှော ပါဝင်လာပြီဖြစ်၍ နွေရာသီကလည်း ကြည်နူးချမ်းမြေ့ဖွယ်ရာ ဖြစ်လာသည်။

နွေရာသီသည်လည်းကောင်း …
ဂီတသည်လည်းကောင်း …
သူနှင့် သူမအကြောင်းကို
များစွာ ပြောပြလိမ့်ဦးမည်ဟု
ယူဆရလေသည်။

◆----◆

www.burmeseclassic.com

www.burmeseclassic.com

# လူ နှင့် ဦးနှောက်

www.burmeseclassic.com

www.burmeseclassic.com



"မလှုပ်နဲ့"

ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်လာသော ခရီးသည် လည်း လန့်ဖျပ်တုန်လှုပ်သွားမိ၏။

ရှေ့တည့်တည့်မှာက သူ့ကို ခြောက်လုံးပြူးနှင့် ချိန်ထားသော ဓားပြတစ်ဦး။

"မင်းရဲ့ ကျောပိုးအိတ်ကြီးကို မြေကြီးပေါ် ပစ်ချလိုက်စမ်း"

"ဟို ... ဟို ... ကျွန်တော်"

ဓားပြက မည်သည့်စကားကိုမှ အပြောမခံချေ။

"မင်းကျောပိုးအိတ်ကို ဖြုတ်၊ ဟော ... ဟိုမြေကြီးပေါ်ကို ပစ် ချလိုက်"

ခရီးသည်က သက်ပြင်းချရင်း ကျောပိုးအိတ်ကို ဖြုတ်ကာ ဓားပြညွှန်ရာ မြေပြင်ဆီ ပစ်ချလိုက်ပြီး

"အဲဒီအိတ်ထဲမှာ ငွေတွေ ပါ,ပါတယ်"

ဓားပြက ကျေနပ်စွာ ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတာပေါ့ကွ"

ခရီးသည်က ခပ်တွန့်တွန့် လေသံဖြင့်

"အဲဒီငွေတွေကို ခင်ဗျား ယူနိုင်ပါတယ်၊ ဒါပေမဲ့ ဟို ကျွန်တော့်ကို တစ်ခုလောက်တော့ ပြန်ကူညီခဲ့ပါ"

ဓားပြက မျက်မှောင်ကုတ်လိုက်မိသည်။

"ဘာလဲ"

"ဒီ ... ဒီလိုပါ၊ ကျွန်တော်က မိန်းမ ကြောက်ရပါတယ်၊ ဒီငွေ မပါဘဲ အိမ်ကို ပြန်ရမှာလည်း ကျွန်တော် မပြန်ရဲလို့ပါ ... ဒီအတိုင်းတော့ မဖြစ်ဘူး၊ အဲဒါ ကျွန်တော့်ကို တစ်ခုလောက်တော့ ပြန်ကူညီခဲ့ပါ"

ဓားပြက လေသံမာမာဖြင့်

"အေးလေ ... ဘာကူညီရမှာလဲလို့ မင်းကို ငါ မေးနေတယ်မို့လား၊ ရှင်းရှင်းပြော၊ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့"

ခရီးသည်က နှုတ်ခမ်းတပြင်ပြင်နှင့် အတန်ကြာသည့်တိုင်အောင် မပြောရဲ ဖြစ်နေပြီးမှ

"ဟို ... ကျွန်တော့်ရဲ့ဂျာကင်ကို ခင်ဗျားသေနတ်နဲ့ တစ်ချက်လောက် ပစ်ပေးပါ၊ ဒါမှ မိန်းမက ကျွန်တော် ရှင်းပြတာကို ယုံမှာမို့လို့ပါ"

ဓားပြက သူ ထင်မထားသောစကားကြောင့် တစ်ချက်အမ်းသွားပြီး အသံသြသြကြီးဖြင့် ရယ်ကာ

"ဟား ဟား ဟား ... မင်းက မိန်းမကို ဒါလောက်ပဲ ကြောက်ရသလားကွ၊ ဟဲ ဟဲ"

ဓားပြက ခရီးသည်ရဲ့ဂျာကင်ကိုယူပြီး သေနတ်နဲ့ တစ်ချက်ပစ်ပေးလိုက်၏။



"ကျေးဇူးပါပဲဗျာ ... နောက်တစ်ချက်လောက်တော့ ဒီမာဖလာအောက်မှာ ပစ်ပေးပါဦး"

ဓားပြက ရယ်မောရ၍ မဆုံးနိုင်သေးဘဲ ဆက်ပစ်ပေး၏။

"အဲဒီဦးထုပ်ကိုလည်း တစ်ချက်လောက်ဗျာ"

ဟု ခရီးသည်က ထပ်တောင်းဆိုပြန်သောအခါ ဓားပြ၏ရယ်သံသာ တိုးပြီး ရပ်သွား၏။ ဦးထုပ်ကို ပစ်လိုက်သော်လည်း သေနတ်က ကျည်ဆန်ထွက်မလာသောကြောင့် ဖြစ်သည်။

"ကျည်ဆန်တောင် ကုန်သွားပြီကိုး"

ဓားပြက အလိုမကျသလို သေနတ်ကို ခပ်ကြမ်းကြမ်းဆဲဆိုလိုက်စဉ်မှာပဲ ခရီးသည်က မြေပေါ်မှ သူ့ကျောပိုးအိတ်ကို လှမ်းဆွဲယူလိုက်သည်။ ဓားပြက

"အောင်မာ ... ဟေ့ကောင်၊ အဲဒါ ဘာလုပ်တာလဲ"

ခရီးသည်က ပြုံးလျက်

"ခင်ဗျားသေနတ်ထဲမှာ ကျည်ဆန်မှမရှိဘဲ၊ ကျုပ်ပစ္စည်းကို ဘာဖြစ်လို့ ခင်ဗျားကို ပေးရမှာလဲ"

"ဟေ ... "

◆----◆

www.burmeseclassic.com

www.burmeseclassic.com



(၂)

ပါးစပ်အဟောင်းသားဖြင့် ငိုင်ကျသွားသော ဓားပြကိုကြည့်ပြီး ခရီးသည်က ကျိတ်ပြုံးလိုက်မိ၏။

ဓားပြက ခရီးသည်ကို မကျေမချမ်းဟန်ဖြင့် တစ်ချက်စူးစူး ကြည့်သည်။ ထိုအခိုက်မှာပင် အန္တရာယ်တစ်စုံတစ်ရာကို သတိရလိုက် မိသလိုလည်း သူ့မျက်နှာ ကွက်ခနဲပျက်သွား၏။

သတိထားမိလိုက်သော ခရီးသည်က

"ဘာဖြစ်တာလဲ"

ဓားပြက ခရီးသည်ကို အတော်မကျေနပ်ဟန်ဖြင့် ပြန်ကြည့်၏။ အောက်သိုးသိုးလေသံဖြင့် ...

"ဘာဖြစ်ရမှာလဲ ... မင်းကြောင့်ပေါ့ကွ"

ခရီးသည်က အံ့သြဟန်ဖြင့် မျက်လုံးပင့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ဓားပြ၏မျက်နှာက ညှိုးကျသွား၏။ ရပ်နေရသည်ကို ကျော မလုံသလို ရှေ့နောက်ဝဲယာ လှည့်ပတ်ကြည့်ပြီးတော့မှ



"ငါ မင်းကို သနားပြီး ကူညီလိုက်မိလို့ အခုလို ခံရတာပဲ ... ခရီးသည်ကို မိပြီးမှ ကျည်ဆန်လည်းကုန်လာတယ်၊ ဘာပစ္စည်းမှလည်း ရမလာဘူးဆိုရင် ဂိုဏ်းက ငါ့ကို အပြစ်ပေးလိမ့်မယ်၊ ငါတော့ ဒုက္ခပဲ"

ခရီးသည်၏ ခန္ဓာကိုယ် မတ်ခနဲဖြစ်သွား၏။

"ဪ ... ခင်ဗျားတို့က ဂိုဏ်းနဲ့ကိုး"

ထို့နောက် ခရီးသည်က တစ်ချက်ပြုံးလိုက်သည်။

"ခင်ဗျားက ဦးနှောက်မရှိလို့ ကျုပ် ပစ်ခိုင်းတာပစ်ပြီး ဦးနှောက် မရှိလို့ ဂိုဏ်းက အပြစ်ပေးမှာကို ပြန်ကြောက်နေတာ ... တကယ် တော့ ခင်ဗျားကို သူတို့ အပြစ်ပေးလို့ မရပါဘူး၊ ခင်ဗျားမှာ ထွက်ပေါက် ရှိပါသေးတယ်"

"ဟုတ်လား ဘယ်လိုလဲ၊ ဘာထွက်ပေါက်လဲ"

ခရီးသည်က သူ့ဂျာကင်နဲ့ မာဖလာကို ဓားပြဆီ ပစ်ပေးလိုက် ၏။

"အဲဒီဂျာကင်ကို ခင်ဗျားဝတ်လိုက်၊ မာဖလာကိုလည်း ပတ် လိုက်၊ ခင်ဗျား သေနတ် ကျွန်တော့်ကိုပေး"

ဓားပြက ခရီးသည် ညွှန်ကြားသည့်အတိုင်းပင် လုပ်လိုက်၏။

ခရီးသည်က

"ခင်ဗျား ဂိုဏ်းကလူတွေကို ပြောပေါ့ဗျာ ... ဒီခရီးသည်မှာ သေနတ်ပါတယ်လို့၊ သူက သေနတ်ပစ်လည်း လက်ဖြောင့်တယ်လို့၊ ကျွန်တော်လည်း သေပြေးရှင်ပြေး ပြေးလာရတယ်၊ ကျွန်တော့်ဂျာကင် နဲ့ မာဖလာကိုသာ ကြည့်ပေရောလို့ အကြောင်းပြလိုက်ပေါ့ဗျာ ... ဟဲ ဟဲ ..."

"အင်း ... အဲဒီလိုပဲ လုပ်ရတော့မှာပေါ့"

ခရီးသည်က ခပ်တိုးတိုးရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သူက ဦးနှောက်ကို ထပ်သုံးလိုက်ခြင်းဖြစ်သည်။ ဓားပြဗိုလ်ထီးက သူ့ကို လန့်ဖျပ်ပြီး အနှောင့်အယှက် ထပ်မပေးစေလို၍ လှုလှုတ်ခြိမ်းခြောက်လိုက်သည့် သဘောသာဖြစ်၏။ ဟန်ဆောင်ခြောက်လှန့်နိုင်မည့် ... သေနတ်တစ်လက်ကလည်း သူ့လက်ထဲသို့ ရောက်နေပြီး ဖြစ်၏။

"ကဲ တဲ ... ခင်ဗျား သွားတော့၊ ခင်ဗျားလမ်းကို ခင်ဗျား ဆက်သွား၊ မြေကြီးပေါ်က အိတ်ကိုတော့ ထားခဲ့ပေတော့၊ ခင်ဗျား အဖော်တွေကိုလည်း ပြောပြလိုက်ဦးဗျို့၊ ကျုပ်က သေနတ်ပစ်လက် ဖြောင့်တဲ့အကြောင်း ... ဟဲ ဟဲ ဟဲ"

ထိုအခိုက်မှာပင်

"ခွပ် ..."

"အား"

◆----◆



(၃)

အဖြစ်အပျက်က မြန်ဆန်လှ၏။ ခရီးသည်က မြေပေါ်မှာ သတိလစ် လဲကျနေပြီးဖြစ်သည်။ ဓားပြပင် ကြောင်သွားသည်။ ခရီးသည်ကို ဝိုင်းရံထားလိုက်ကြသည်က ဝါးရင်းတုတ်ကိုယ်စီ ကိုင်ထားသော ရွာသား လေးဦး။

ဓားပြ မှင်တက်နေမိဆဲ၊ ရွာသားများက မြေပေါ်မှာ သတိလစ်နေသော ခရီးသည်ကို ပါလာသောကြိုးနှင့် တုပ်လိုက်၏။

"လက်သိပ်ဖြောင့်တယ်ဆိုတဲ့ ဓားပြ၊ ခုတော့ ဘာတတ်နိုင်သေးလဲကွ ... ဟင်း"

ရွာသားလေးဦးထဲမှ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ထိုသို့ ကြိမ်းဝါးလိုက်ရင်း ငေးကြောင်နေသော ဓားပြကို

"ခင်ဗျားပစ္စည်း ပါမသွားဘူးနော် ... လူလည်း ဘာမှမဖြစ်ဘူးနော်လား၊ အင်း ... ခင်ဗျားကျာကင်နဲ့ မာဖလာမှာလည်း ကျည်ဆန်ရာတွေနဲ့၊ ကံကြီးလို့ပေါ့ဗျာ၊ ဒီဓားပြက ခင်ဗျားကို သေနတ်နဲ့ချိန်ပြီး ဆော့ထားသေးတာကိုး ... ကျုပ်တို့လည်း သေနတ်သံကြားကြားချင်း လာ

www.burmeseclassic.com

www.burmeseclassic.com



ကြတာ၊ ခွေးသူတောင်းစား ဓားပြ၊ ရွာကျမှ တွေ့ကြသေးတာပေါ့"

မေ့မြောနေသော ခရီးသည်ကို ရွာသားတစ်ဦးက ထမ်းလိုက်သည်။ အခြားရွာသားတစ်ဦးက မြေပေါ်မှ ကျောပိုးအိတ်ကို ထမ်းရန်ဖြင့်၏။ နောက်တစ်ဦးကလည်း ဓားပြကို ...

"ကဲ ... ဒီဓားပြကို သွားအပ်ကြမယ်၊ ကျုပ်တို့ ရွာလူကြီးဆီ ခင်ဗျားလည်း လိုက်ခဲ့ဦး"

ဓားပြ ရပ်နေရာမှ လဲကျမလို ယိုင်သွားပြီး

"ကျုပ် ... ကျုပ်"

ထိုစဉ်မှာပဲ ခေါင်းဆောင်ရွာသားက ရှုံ့မဲ့နေသော မျက်နှာဖြင့် သူလူတွေကို ငေါက်ငမ်းလိုက်၏။

"မင်းတို့ကလည်းကွာ ... သူ့ဘာသာ နားပါစေဦး၊ သူ့မှာ သေတွင်းထဲက လွတ်လာတာ၊ ခဏနားပါဦးလား၊ ထားခဲ့ ... သူ့ဘာသာ အေးအေးဆေးဆေး လျှောက်လိုက်လာလိမ့်မယ်၊ ဟော ... ဟိုကောင်ကလည်း အဲဒီအိတ်ကို ဘာလို့ ထမ်းနေတာလဲ၊ ထားခဲ့၊ အဲဒါ သက်သေခံပစ္စည်းအဖြစ် တင်ရမှာ၊ ပိုင်ရှင်က သူ့ဟာသူ ယူလာလိမ့်မယ်၊ မင်းလက်က ကြားဝင်မရှုပ်နဲ့ကွာ၊ တကယ်ကွာ ... ဦးနှောက်မရှိတဲ့ ကောင်တွေ၊ လာ လာ ..."

ထို့နောက် မေ့မြောနေသော ခရီးသည်ကို ကြိုးတုပ်ထားလျက် ကနေပင် သတိကြီးကြီးခြံရံပြီး ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

သူတို့အုပ်စု မျက်စိအောက်မှ ပျောက်သွားသောအခါ ဓားပြကလည်း အိတ်ကြီးထမ်းပြီး သူ့လမ်းကို သူ ပြေးတော့သည်။ ပျော်သလိုလို၊ ရင်ဖိုသလိုလို ဖြစ်မိ၏။ ပြေးရင်းဖြင့် သူ စဉ်းစားနေသေး၏။ တစ်ခါတစ်ခါ လူတွေမှာ ဦးနှောက်မရှိတာကဘဲ ပိုကောင်းသလားဟု ...

◆----◆



**ဝန်ခံချက်**

အခန်း(၁)သည် ဂျာမန်ဝတ္ထုတိုလေးတစ်ပုဒ် ဖြစ်ပါသည်။ Hermann Kessler ၏ ဝတ္ထုတိုတစ်ပုဒ်ကို ကျွန်တော် မှတ်မိသလို ပြန်ရေးထားခြင်း ဖြစ်ပါသည်။

အခန်း(၂)နှင့် အခန်း(၃)ကိုတော့ ကျွန်တော်က ဆက်ရေးလိုက်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# လူ နှင့် မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



(၁)

စတင်တွေ့ရှိသူကတော့ ထူးခြားစွာ လုံးဝန်းချောမွတ်နေသော ကျောက်တုံးတစ်တုံးအမှတ်နှင့် ကောက်ယူကြည့်မိခြင်း ဖြစ်လေသည်။ လက်ထဲရောက်သောအခါမှ အချိန်အဆနှင့် အနှစ်အသားအရ သူ့လက်ထဲမှအရာသည် ကျောက်တုံးမဟုတ်ကြောင်း ခံစားသိရှိလိုက်၏။

ဘာမှမဟုတ်သော လောကကြီးအတွင်းမှ ဘာမှမဟုတ်သော အရာတစ်ခုအဖြစ် ပြန်လည်လွှင့်ပစ်ခဲ့လျှင် ရသော်လည်း လူ့သဘာဝအရ စူးစမ်းလိုစိတ်ကလေးက ရှိနေပြန်သေး၏။ ထိုသို့ဖြင့် ထို 'တစ်စုံတစ်ရာ' လေးကို လူနေရပ်ကွက်အတွင်းသို့ ယူလာကာ အားလုံးထံ အထင်အမြင် တောင်းခံကြည့်ရတော့၏။

ထိုသို့ဖြင့် ...

www.burmeseclassic.com

ဖြင့်ကြပြီး အချို့လူများကလည်း လန့်လန့်ထိတ်ထိတ်ဖြင့် မြွေနဂါးသိုက်ကို နှိမ်နင်းရန် လှုံ့ဆော်ကြသည်။ အဘိုးအိုတစ်ဦးက ဆေးတံကြီးဖွာပြီး ခေါင်းတခါခါ လုပ်လိုက်သည်။

◆----◆



(၂)

"ငါ့အထင်တော့ ဒါဟာ 'ကျောက်ဥ' ဖြစ်ရမယ်"

ထိုလူကြီးက သူ့စကားကို သူ ဆက်ရှင်းလေသည်။

"ဆေးဆရာတွေ တောနင်းရှာတတ်တဲ့ ကျောက်သွေးလိုမျိုးပေါ့၊ ကျောက်ကရတဲ့ ကျောက်ဥ ဖြစ်ရမယ်၊ ကျောက်သွေးလိုပဲ အကြီးအကျယ် ဆေးဖက်ဝင်နိုင်တယ် ... အနီးအနားမှာ နောက်ထပ်လည်း ကျောက်ဥတွေ ရကောင်းရနိုင်တယ်၊ ဒါလေး ကောက်ရတဲ့နေရာအနားမှာ ငါတို့တွေ ထပ်ရှာကြည့်ရင် ဒါမျိုးတွေ ထပ်ရနိုင်တယ်"

အခြား အမယ်အိုတစ်ဦးကတော့ ထိုလူကြီးနှင့် အယူအဆမတူချေ။ သူမကလည်း သူမ၏အမြင်ကို ကတုန်ကယင်နှင့် ပြောဏ်။

"ငါ ငယ်ငယ်တုန်းက ငါ့အမေ ပြောပြဖူးတဲ့ မြွေနဂါးဥဆိုတာ ဒါပေါ့ ... အဲမယ်လေး ခုမှပဲ မြင်ဖူးတော့တယ်၊ ဒါဆို ဒီဥရတဲ့ ပတ်ဝန်းကျင်မှာ မြွေနဂါးသိုက်ရှိနေပြီထင်တယ်၊ ဒုက္ခပါပဲ ... ဘယ့်နှယ့်လုပ်မလဲ"

အချို့လူများက သုတ်သုတ်ပျာပျာဖြင့် ကျောက်ဥရှာဖွေ့ကျရန်

www.burmeseclassic.com



(၃)

"မင်းတို့ အဲဒီလို ဟိုပြေးသည်ပြေး ကြည့်မနေကြနဲ့၊ အဲဒါ လူမိုက်တွေရဲ့ နည်းလမ်းကွ … ပညာရှိလို့ တွေးကြည့်တဲ့ အလေ့အကျင့်ကို မွေးစမ်းပါကွာ"

ထို့နောက် သူ့အယူအဆကို ပြောပြ၏။

"ဒီဟာလေးက စက်ဝိုင်းပုံလည်း မဟုတ်ဘူးကွ၊ ဘဲဥပုံဖြစ်နေတော့ အတော်စဉ်းစားနေရတယ် … စက်ဝိုင်းလို ဗဟိုတစ်ခုတည်း မဟုတ်ဘဲ သူက ဗဟိုနှစ်ခုပါတယ်၊ အီလစ်လို့ ခေါ်တယ်၊ ငါ့အထင်ပြောရရင်တော့ ဒါလေးဟာ ဂဏန်းသင်္ချာပညာရှင်ကြီးတစ်ယောက်ယောက် ဖော်စပ်ခဲ့တဲ့ မှော်စာတ်လုံး ဖြစ်နိုင်တယ်"

အဘိုးအို၏ စကားအဆုံးမှာပဲ လူရည်သန့်တစ်ဦးက ချင့်ချင့်ချိန်ချိန် ဝင်ပြော၏။

"ဒီဟာလေးကိုတွေ့တဲ့ အနီးအနားမှာ … ထူးခြားတဲ့ တွင်းကလေးတစ်ခုခု ရှိနိုင်တယ်ဗျ။ ဒီဟာလေးရဲ့ အရွယ်အစားကို ထောက်



ပြီး ကျုပ် တစ်ခုစဉ်းစားမိတယ်၊ ဒီဟာလေးဟာ ရှေးခေတ်လူတွေကစားခဲ့ကြတဲ့ ရှေးခေတ်ဂေါက်သီး ဖြစ်နိုင်တယ်"

တွေးသူက တွေးပြီး ပြေးသူက ပြေးဆဲဖြစ်၏။ ထိုအရာလေးကိုကား ဘာမှန်း မဖော်နိုင်ကြသေးချေ။

◆----◆

www.burmeseclassic.com

www.burmeseclassic.com



(၄)

အချို့လူများကတော့ မလှုပ်မယှက်ဖြင့် ခပ်တည်တည် ကြည့်နေကြ၏။ သူတို့ထဲမှ တစ်ဦးက လေသံခပ်တိုးတိုးဖြင့်

"လူမိုက်လို ပြေးကြည့်တာတွေ၊ ပညာရှိလို တွေးကြည့်တာတွေထက် သာမန်လူလို စောင့်ကြည့်တာက အကောင်းဆုံးပါပဲဗျာ"

ထို့နောက် တစ်ယောက်က ထိုအရာလေးကို သူ့လက်ထဲသို့ ဆွဲယူကြည့်ကာ ...

"ဘာလေးမှန်းကို မသိဘူး"

ထိုအရာလေး၏ ထိပ်ချွန်းနားမှာ အနီရောင်တစ်စက် လင်းခနဲ လက်လာပြီး

"ကျွန်တော့်ကို မေးတာလား"

အားလုံး ထိုအသံအတွက် လန့်ဖျပ်အံ့သြသွားကြ၏။ ကမူကယာ ပြန်မေးလိုက်ကြ၏။

"အေး ဟုတ်တယ်၊ မင်းက ဘာလေးတုန်း"



ထိုအရာလေးက ချက်ချင်း ပြန်မဖြေသေး၊ အနီစက်ကလေးကို လင်းချည်မှိတ်ချည် သုံးခါပြုပြီးမှ

"ကျွန်တော်က အဏုမြူဗုံးလေ ... ခု ပေါက်တော့မလို့"

"ဟေ ..."

◆----◆

www.burmeseclassic.com

www.burmeseclassic.com



(၅)

"ဟယ် ... ဟိုဒင်း ... အောင်မယ်လေး"

ထို ပေါက်တော့မည့် အဏုမြူဗုံးလေးကို လက်ဖဝါးပေါ် တင်ထားမိသူက အရူးလို ခုန်ပေါက်နေမိတော့၏။ သူ့လက်ထဲမှ အဏုမြူဗုံးကို လွှင့်ပစ်လိုက်ရန်အပြင်မှာ တစ်ယောက်က

"ဟာ ... ဟာ ... လွှင့်မပစ်နဲ့လေ၊ လွှင့်ပစ်မှ ထပေါက်သွားဦးမယ်"

"ဒါဖြင့် ခင်ဗျား ခဏယူထားလိုက်လေနော်"

ထိုလူက လက်ကမ်း၍ ယူလိုက်ပြီးမှ

"အဲ ... ဟာ ... မဟုတ်ဘူးလေ ... ဟို"

သူ ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန်မှာ

"ပြေး ... ပြေးကြလေ၊ ဘာလို့ မပြေးကြတာလဲ"

"အဏုမြူဗုံးပါဆို ... ပြေးလို့ ခုမှ ဘယ်လိုလွတ်မှာလဲ ... အဟီးဟီး၊ သေပါပြီ"



"ဒါ ... ဒါဆို ... ဘယ် ... ဘယ်လိုလုပ်ကြမလဲ၊ အဟင့်"

သူတို့ ကြံရာမရတော့သည့်အဆုံးမှာ ကြောက်စိတ်လည်း မွှန်ဒေါသလည်း ဖြစ်ဖြစ်နှင့် ...

"ငါတို့ ဒီ သောက်အဏုမြူဗုံးကို ဆဲမယ်ကွာ"

"အေး ... ဆဲမယ်၊ အားလုံး ဝိုင်းဆဲရအောင်"

ထို့နောက် သူတို့ တစ်–နှစ်–သုံး သံပြိုင်တိုင်ပြီး

"ခွေး ... မ ... သား ... အ ... ဏု ... မြူ ... ဗုံး"

◆----◆

www.burmeseclassic.com

www.burmeseclassic.com



(၆)

ကမ္ဘာ၀ဟ်လမ်းကြောင်းထဲမှာ ရပ်တံ့ထားသော ပန်းကန်ပြားပျံတွင်းမှ ဂြိုဟ်သားတစ်ယောက်က ဖန်သားပြင်တစ်ခုမှာ မြင်နေရသော ထိုမြင်ကွင်းကြောင့် စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်၏။ ပန်းကန်ပြားပျံ၏ မောင်းနှင်စက်ခလုတ်ကို လက်နှင့် နှိပ်လိုက်ရင်း

"မွေါက်တော့မဲ့ သိပ္ပံလောက်စာလုံးကလေးကိုများ ပြေးကြည့်တဲ့သူနဲ့၊ တွေးကြည့်တဲ့သူနဲ့၊ စောင့်ကြည့်တဲ့သူနဲ့ ခံရတာတောင် နည်းသေး၊ တော်တော် အသိဉာဏ်မရှိတဲ့ သတ္တဝါတွေ"

ပန်းကန်ပြားပျံ ရိပ်ခနဲ ပျံသန်းသွား၏။ အဖော်ဂြိုဟ်သား၏ ထောက်ခံပြောကြားသံက ကမ္ဘာပတ်လမ်းကြောင်းထဲမှာ လွင့်ပျံ့ကျန်ရစ်ခဲ့သည်။

"အေးလေ ... ဒါကြောင့် ဒီသတ္တဝါတွေ 'လူ' ဖြစ်နေတာ"

◆----◆

# လူ နှင့် အလင်းတန်း

www.burmeseclassic.com

www.burmeseclassic.com



(၁)

လွင်ပြင်ကို ကျွန်တော်တို့ ကျော်ဖြတ်ပြီးသောအခါ မိုးကောင်းကင်မှာလည်း နံနက်ခင်းက ပွင့်ထွက်လာပြီဖြစ်သည်။ မြို့ကလေးအတွင်းသို့ ကျွန်တော်တို့ ဝင်ရောက်ကြ၏။ မြို့စွန်မှာပင် ထည်လွှင်သော သင်္ချိုင်းကုန်းတစ်ခုကို တွေ့ကြလေသည်။

သင်္ချိုင်းအတွင်းမှ သစ်ခက်တဲယယ်ကို ညွှန်ပြကာ အဖော်က ကျွန်တော့်ကို ပြော၏။

“သုဘရာဇာသားအဖ နေကြတယ်လေ … သူတို့လည်း ဒီမြို့မှာ အရေးပါတဲ့လူတွေပေါ့”

မြို့တွင်းမှာ အလင်းထောင့်ချိုးများစွာကို ကျွန်တော် တွေ့သည်၊ အိမ်အမိုးတို့သည်လည်း ခုံးမြင့်လှပ၏။ မြို့သားများသည် ဣန္ဒြေသည်ကြည်၏။ မြို့သူများက ရိုးရာပန်းကို ပန်ကြလေသည်။

“ဒါပေမဲ့ … သုဘရာဇာတွေအနေနဲ့ ရထားတဲ့ အရေးအရေး တစ်ခုရှိတယ်၊ ဘယ်သူ့ရုပ်အလောင်းကိုမဆို သင်္ချိုင်းအတွင်းမှာ သူတို့

www.burmeseclassic.com



မြို့ပ်ချင်တဲ့နေရာ မြှုပ်နှံခွင့်ရှိတာပဲ ... အဲဒီကိစ္စမှာ ဘယ်သူကမှ ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိဘူး"

ဤမြို့ကလေးမှာ ကျွန်တော်သည် သူစိမ်းကေန်သာ ဖြစ်သည်။ ကျွန်တော် မသိသော သူတို့ကို ကျွန်တော် မကြည့်တော့ပါ။ ဝန်းကျင်ကိုသာ အဝေးမှ ငေးနေလိုက်၏။ ကျွန်တော်တို့ ထိုသို့ ခရီးဆက်စဉ် အရှေ့ဆီမှ ဖုန်မှုန့်များ အုံးခနဲ ပျံ့လွင့်ထွက်လာသည်။ အရပ်လေးမျက်နှာသို့ ကျွဲတို့က ကဆုန်ပေါက်ပြေးကြ၏။ 'ဘာဖြစ်တာပါလိမ့်' ဟု အဖော်က တအံ့တသြ ရေရွတ်လေသည်။

ထို့နောက် ဖြောင့်စင်းသောလမ်းအတိုင်း ကျွန်တော်တို့ ဆက်လျှောက်လာကြ၏။ လမ်းသွယ်တစ်ခုတွင် လူတချို့ ရုတ်ရုတ်ကျက်ကျက် ဖြစ်နေသည်။ ဒဏ်ရာအနည်းငယ်ရထားသော လူတစ်ယောက်ကို လူတစ်အုပ်က ဖေးမခေါ်လာခြင်းဖြစ်သည်။ သူတို့က ကျွန်တော်တို့လျှောက်သောလမ်းအတိုင်း ခပ်လှမ်းလှမ်းမှ လျှောက်နေကြသည်။

"ဟင် ... အဲဒီ ဒဏ်ရာရထားတဲ့လူက ဒီမြို့ရဲ့ အတော်ဆုံး ဂီတပညာရှင်ပေါ့"

ထိုဂီတပညာရှင်သည် အသက်လေးဆယ်ခန့်ရှိ၏။ ဆံမျှင်တို့ရှည်၏။ ဝတ်ရုံက မှိုင်းသည်။ မျက်နှာမှာ ခံစားချက်ကင်းမဲ့သည်။ သူ့လက်ထဲမှ စက္ကူကတ်ပြားလေးများကို ကိုင်ဆောင်ထားလေသည်။

ဆက်လျှောက်နေရင်း ကျွန်တော်တို့၏ ကျောဘက်မှ ဆူညံသော ခြေသံများကို ကြားရ၏။ ငဲ့ကြည့်သောအခါ လူတစ်အုပ်က လူငယ်တစ်ယောက်ကို တရားခံလို ဖမ်းချုပ်လာကြောင်း တွေ့ရသည်။ အဖော်က ကျွန်တော့်ကို တီးတိုးပြော၏။

"အဖမ်းခံရတာ သုဘရာဇာလေးပေါ့"

ထိုအုပ်စုကလည်း ကျွန်တော်တို့ လျှောက်ရာလမ်းအတိုင်းပင် နောက်မှ ရွေ့လျားလာကြခြင်းဖြစ်၏။



"ရှေ့က ခုံရုံးမှာ ဒီအမှုကို စီရင်လိမ့်မယ် ... ဝင်လေ့လာရအောင်"

ကျွန်တော် မစပ်စုလိုပါ။ သို့သော် အဖော်ကို မတားဖြစ်ခဲ့။ သို့ဖြင့် ထိုအမှုကို နားဆင်သော ပရိသတ်ထဲမှာ ကျွန်တော်တို့လည်း ရောက်ရှိပါဝင်သွားတော့၏။

ဖိနပ်ချွတ်၏။ ဖုန်ခါ၏။ ကျွန်တော့်ကိုယ်ကို သန့်စင်စေသည်။ ထို့နောက် တရားစီရင်ချက်ကို ငြိမ်သက်စွာ နားထောင်နေလိုက်၏။

◆---◆

www.burmeseclassic.com



(၂)

ပိုင်းစက်သော မျက်လုံးများရှိသည့် သုဘရာဇာလေးကို တရားသူကြီးက မေးခွန်းထုတ်၏။

"ဂီတပညာရှင်က သူ့ဘာသာ တီရှောနက်တွေကို တူရိယာနဲ့ တီးမှုတ်ဖျော်ဖြေနေတာကို မင်း ဘာကြောင့် သွားပြီး ရန်လုပ်ရတာလဲ၊ မင်းရဲ့ တိုက်ခိုက်မှုကြောင့် သူလည်း ဒဏ်ရာရသွားတယ်၊ သူ့ကျွဲတွေ ထွက်ပြေးကြတာမှာ သူများစိုက်ခင်းတွေကို နင်းမိတယ် ... မင်းအပြစ်ပဲ၊ ဘာကိစ္စ မင်း အဲဒီလို လုပ်ရတာလဲ"

သုဘရာဇာလေးက ရဲရင့်ပုံရသည်။ သူပြောရမည့်စကားတို့ကို ခေါင်းထဲမှာ စီစဉ်ရှိတ်ဆက်နေသည်။ ထို့နောက်မှ

"ဒီလိုပါ ... ကျွန်တော်တို့ရဲ့ သင်္ချိုင်းမြေမှာ ရုပ်အလောင်းတွေ စနစ်တကျ မြှုပ်နှံနိုင်ဖို့အတွက် ကျွန်တော်က မကြာခဏ စစ်ဆေးရလေ့ရှိပါတယ် ... အဲဒီမှာပဲ တစ်နေ့ကျတော့ ထူးဆန်းတာတစ်ခုကို ကျွန်တော် သွားတွေ့လိုက်ပါတယ်၊ အဲဒါက ဘာလဲဆိုတော့ ကျွန်တော် မတူးဘဲနဲ့ အလိုအလျောက် ဖြစ်ပေါ်လာတဲ့ ကျင်းတစ်ခုပါပဲ၊ အဲဒီနေရာ



က မြေဟာ အင်မတန် တူးရခက်တဲ့မြေ ဖြစ်ပါတယ် ... ကျွန်တော်တို့တူးဖို့ရာ မစွမ်းနိုင်တဲ့ကျင်းပါ၊ ညဘက်မှာ မြေပြတ်ရွေ့မှုတစ်ခု ဖြစ်ပြီး မနက်ကျတော့ အဲဒီမှာ ကျင်းတစ်ခု ပေါ်နေတာကို တွေ့ရတာပါ"

နားထောင်သူများက စိတ်ဝင်တစား ရှိကြ၏။ အဖော်ဖြစ်သူတလည်း ကျွန်တော့်လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။ သုဘရာဇာလေးကို ငေးကြည့်သည်။

"အဲဒီကျင်းဟာ ... အလောင်းတစ်လောင်း မြှုပ်နှံဖို့အတွက် အလောတော် အနေအထားမှာ ရှိပါတယ်၊ ထူးခြားတာက ကျင်းရဲ့ အတွင်းနှုတ်ခမ်းသား မြေတွေဟာ အချွန်အတက်တွေနဲ့ ဘီလူးတစ်ကောင်ရဲ့ အစွယ်တွေလို ထိုးထောင်ထွက်နေပါတယ်၊ အောက်ခြေမြေဟာလည်း စိမ်းဝါဝါနဲ့ မဖွယ်မရာအရောင်ရှိပါတယ် ... ချောက်ချားရာကောင်းလှတဲ့ ကျင်းဖြစ်ပါတယ်၊ ကျွန်တော်က အဲဒီကျင်းကို ငရဲကျင်းလို့ နာမည်ပေးလိုက်ပါတယ် ... အင်မတန် ဆိုးဝါးတဲ့ လူတစ်ယောက်ရဲ့ ရုပ်အလောင်းရောက်လာရင် သူ့နဲ့ ထိုက်တန်တဲ့ အဲဒီကျင်းထဲမှာ မြှုပ်မယ်လို့လည်း တေးမှတ်ထားလိုက်ပါတယ်"

သုဘရာဇာလေး၏စကားကို စိတ်မဝင်စားဘဲ အခန်းထဲရောက်နေသူဆို၍ တစ်ယောက်တည်းရှိသည်။ ထိုသူကား ဂီတပညာရှင်ဖြစ်၏ မည်သူ့ကိုမှ မကြည့်။ မည်သည့်စိတ်လှုပ်ရှားမှုကိုမှလည်း မပြ။ သူ့ဒဏ်ရာကိုလည်း ဂရုမစိုက်။ သူ့လက်ထဲမှ စက္ကူချပ်လေးများကိုသာ တွဲဆက်နေသည်။ (စက္ကူတစ်ချပ်တွင် ဂီတသင်္ကေတတစ်လုံး ရေးထားသည်။)

"အဲဒီလိုနဲ့ တစ်ရက်မှာ အရပ်ထဲက ကောက်ကျစ်တဲ့လူတစ်ယောက်ရဲ့ အလောင်းရောက်လာတယ်၊ ငရဲကျင်းမှာ မြှုပ်ဖို့စီစဉ်ပြီးမှ သေသေချာချာ ထပ်စဉ်းစားတယ် ... သူ့ရဲ့ ကောက်ကျစ်မှုတွေဟာ ငရဲကျင်းမှာ မြှုပ်ရလောက်အောင် မဆိုးဝါးပါဘူးဆိုပြီး ပါခြားနေရာ

www.burmeseclassic.com

www.burmeseclassic.com



မှာ ပြောင်းမြုပ်လိုက်တယ်၊ နောက်တစ်လမှာ ရာဇဝတ်သားကြီးတစ်ကောင်ရဲ့ အလောင်းရောက်လာတယ် ... သူ့ရာဇဝတ်မှုကို စုံစမ်းလိုက်တော့ ငရဲကျင်းမှာ မမြုပ်လောက်ပြန်ဘူး၊ အဲဒီလိုနဲ့ ရက်တွေ လတွေကြာသွားတယ် ... ငရဲကျင်းမှာ မြုပ်ရလောက်မဲ့ အလောင်းမလာဘူး၊ ကျွန်တော်လည်း ငါတို့မြို့မှာ ဒီလောက်ရိုင်းစိုင်းယုတ်မာတဲ့လူ မရှိဘူးထင်ပါရဲ့ ဆိုပြီး ပီတိ ဖြစ်လာတယ် ... ဒါပေမဲ့ တစ်ရက်မှာ ကျွန်တော်စိတ်မအီမသာ ဖြစ်ရပါလေရော ... ဘာဖြစ်လို့လဲဆိုတော့ ငရဲကျင်းနောက်တစ်ကျင်း ထပ်ပေါ်လာလို့ပါ"

"အဲ ... "

"ဟဲ့ ... "

အခန်းထဲမှာ လူများက ငရဲကျင်းကို ထိတ်လန့်ကြ၏။ ထိုကျင်း၌လည်း ကျောမခင်းလို။ သက်ပြင်းတွေ ဝေကြသည် ... ကျွန်တော့်အဖော်ကပင် "အဲဒီကျင်းတွေ ပြန်ဖို့လိုက်ရင် ပြီးရော" ဟု ပြော၏။ ကျွန်တော်က မည်သို့မျှ မတုံ့ပြန်ပါ။

သုဘရာဇာလေးက စကားဆက်သည်။

"အဲဒါနဲ့ပဲ ကျွန်တော် မြို့ထဲကို ထွက်ခဲ့ပါတယ် ... ငရဲကျင်းတွေနဲ့ တန်တဲ့ လူယုတ်မာကော ရှိရဲ့လား ဆိုတဲ့ သဘောအတွေးနဲ့ပါ ... အချိန်အတော်ကြာ လှည့်ပတ်ကြည့်တဲ့အထိ ဘယ်သူ့ကိုမှ မတွေ့ပါဘူး ကျွန်တော်လည်း စိတ်သက်သာရာရသွားတယ်၊ သချိုင်းဘက်ကို လှည့်ပြန်လာတယ် ... အဲဒီမှာပဲ သစ်ပင်တွေ ထူပြောတဲ့လမ်းမှာ အံ့ဩစရာကောင်းတဲ့ မြင်ကွင်းကို မြင်လိုက်ရပါတယ်"

နှုတ်ခမ်းကို လျှာနှင့်သပ်၏။ အသက်ပြင်းပြင်း တစ်ချက်ရှူ၏။ ထို့နောက် ဆက်ပြော၏။

"သစ်ပင်တွေကြားမှာ ကျွဲတစ်အုပ် ရောက်နေပါတယ်၊ သူတို့ဟာ အမြီးတွေ ... နားရွက်တွေ ထောင်ပြီး သူတို့ရှေ့တည့်တည့်ကို



မြူးကြောင်တဲ့မျက်လုံးတွေနဲ့ ဝိုင်းအုံကြည့်နေကြပါတယ် ... စူးရှစွာ်င်တဲ့ သံစဉ်တစ်ခုကိုလည်း ကျွန်တော် ကြားနေရပါတယ်၊ ကျွဲတွေကြည့်ရာကို လိုက်ကြည့်တဲ့အခါ အဲဒီ ဂီတပညာရှင်ဆိုတဲ့ လူယုတ်မာကို တွေ့ရပါတယ် ... သူ့ဂီတသံတွေကို ကျွဲတွေနောက်က နားထောင်ရင်း ကျွန်တော့်ရင်ထဲမှာ ဒေါသတွေ အလိပ်လိုက် ထလာပါတယ်၊ ဒီလူကို ကျွန်တော် မြင်ရတာလည်း မိစ္ဆာရိုင်းတစ်ကောင် သူ့ရာရည်မှုးပြီး တူရိယာနဲ့ မြူးကြွနေသလို ခံစားရပါတယ် ... ကျွဲတွေဘက်က နာကြည်းခံပြင်းရင်း ကျွန်တော့်တစ်ကိုယ်လုံး သွေးတွေတဖျင်းဖျင်း ဆူလာပါတယ် ... ငရဲကျင်းနဲ့ လိုက်ဖက်တဲ့လူယုတ်မာဟာ ဒီလူပဲဆိုတာကို သိမြင်လိုက်ပါတယ်၊ အဲဒီအချိန်မှာ ကျွဲတွေက ဝုန်းခနဲ ကစဉ့်ကလျားထွက်ပြေးကြပါတယ် ... ကျွန်တော်လည်း သူ့ကို ထမ်းပိုးနဲ့ ဝင်ရိုက်လိုက်ပါတယ်"

တရားသူကြီးက စားပွဲကို လက်နှင့် ဖျန်းခနဲ ပုတ်၏။

"ရပ်စမ်း ... "

သုဘရာဇာလေးက စကားရပ်သည်။

"မင်းက ဘာဖြစ်လို့ အဲဒီလို ဝင်လုပ်ရတာလဲ"

"ကျွဲတွေကို သူ အဲဒီလိုလုပ်တာ ကျွန်တော် ကျွဲတွေကိုယ်စား ခံချင်လို့၊ နာကြည်းလို့ပါ ... "

"သူ့ဘာသာ ကျွဲတွေကို ဖျော်ဖြေတာ မင်းနဲ့ ဘာဆိုင်လဲ ... ကျွဲတွေက ဘာဖြစ်သွားလို့လဲ"

တရားသူကြီး၏အသံက ခက်ထန်လာသည်။ သုဘရာဇာလေးက တွေးမျိုချ၏။ ခပ်ဆတ်ဆတ် ပြန်ဖြေသည်။

"ဖြစ်ပါတယ် ... ကျွန်တော် သူ့ကိုဝင်ရိုက်လို့ ကျွဲတွေထွက်ပြေးတာ မဟုတ်ပါဘူး ... သူ့ဂီတသံကြောင့် ကျွဲတွေ ထွက်ပြေးတာမှာ ကျွန်တော်က သူ့ကို ဝင်ရိုက်ပစ်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

တရားသူကြီး နားမလည်။ တစ်ခန်းလုံးလည်း စိတ်ရှုပ်ထွေးသွား၏။ သုဘရာဇာလေးက ကပျာကယာ ဖြည့်ပြော၏။

"ဒီလိုပါ ... သူ ကျွဲအုပ်ကို ဖျော်ဖြေတာ ဘာတူရိယာနဲ့လဲ ဆိုတာကို တရားသူကြီးမင်း သိပါသလား"

တစ်ခန်းလုံး ငြိမ်သက်သွား၏။ ဂီတသမားက စက္ကူကတ်ပြားများကို လက်ထဲမှာ စီရီတွဲစပ်နေ၏။ လေထဲမြှောက်ကာ ထောင်ကြည့်နေ၏။ သူ့မျက်နှာက ခံစားမှုကင်းမဲ့လျက်ပင် ... ။ အဖော်ကပင်လျှင် ကျွန်တော့်နံဘေးမှာ အသက်ရှူမြန်နေသည်။

တရားသူကြီးက သုဘရာဇာလေးကို စူးစိုက်ကြည့်ပြီး

"ပြော ..."

သုဘရာဇာလေးက အံကြိတ်လိုက်သေး၏။

"သူက ကျွဲအုပ်ကို ကျွဲချိုမှုတ်ပြနေတာပါ"

"ဘာ ..."

"သူက ကျွဲချိုမှုတ်ပြီး ကျွဲအုပ်ကို ဖျော်ဖြေနေတာပါ"

"ဟာ ..."

"အို ..."

"ဟာ ..."

"သူ့လယ်ကွင်းမှာ ခိုင်းနေကျ ကျွဲအုပ်ထဲက ခေါင်းဆောင်ကျွဲကြီးဟာ အိုမင်းလာပါတယ်၊ တဖြည်းဖြည်းနဲ့ ထွန်တုံးကို မရုန်းနိုင်မ,မနိုင် ဖြစ်လာပါတယ်၊ သူ့ရင်းငှားတွေက သူ့ကို ဒီအကြောင်းပြောတဲ့အခါ သူက .... .... .... .... .... ပြီးတော့ အဲဒီချိုနဲ့ ကျန်တဲ့ ကျွဲတွေကို .... .... .... .... "

သုဘရာဇာလေး၏အသံကိုပင် မကြားရတော့ချေ။ တစ်ခန်းလုံး ဆူညံလာ၏။ အသံတွေ ပွက်လောရိုက်ကုန်၏။ တရားသူကြီး



တိတ်တိတ်နေဖို့ အော်၏။ သို့သော် သူ့အသံလည်း ပြာအက်အက် ဖြစ်နေသည်။

ကျွန်တော်က အဖော်၏လက်ကို ဆွဲလိုက်၏။ လူအုပ်ကြားမှ တိုးထွက်လိုက်သည်။ 'အချိန်မီ ပြန်ကြရမည်' ဟုလည်း သတိပေးလိုက်သည်။ ကျွန်တော်တို့ လမ်းပေါ်ပြန်ရောက်လာကြ၏။

လမ်းဆက်လျှောက်လာခဲ့သည်။ မြို့ကိုလွန်၏။ တောင်ယာတွေကို ကိုက်ဝါးပြီးသော မီးခိုးတွေက မိုးပေါ်သို့ ဒုန်းစိုင်းပြေးတက်၏။ သူတို့က ချာသံတဖြောင်းဖြောင်းအောက်တွင် တောင်ယာက ခေါင်းကျိုးကျန်ရစ်ခဲ့သည်။

◆----◆

www.burmeseclassic.com

www.burmeseclassic.com



(၃)

ထုံးစံအတိုင်းပင်။ တောင်ပတ်လမ်းကို မြူခိုးတွေက ငုံနမ်းနေ၏။ အဖော်က ကျွန်တော့်ကို မေးသည်။

"ဘယ်သူရှုံးမလဲ"

"သုဘရာဇာလေးက ကိုယ်ထိလက်ရောက် ကျူးလွန်လိုက်တော့ သူပဲ ပြစ်ဒဏ်ပေးခံရလိမ့်မယ် ... ဒါပေမဲ့ ရှုံးတယ်လို့တော့ မဆိုနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"နောက် နှစ်တွေကြာလို့ ဒီဂီတသမား သေသွားရင် သူက ငရဲကျင်းမှာ မြှုပ်ပစ်လိုက်မှာ သေချာတယ်လေ"

"ဒါဆို ဂီတသမား ရှုံးတာပေါ့"

"ဟင့်အင်း ... ဒီလူက သေတာရင်တာတွေ၊ ဘယ်လမ်းမှာ လျှောက်ပြီး ဘယ်ကျင်းထဲ ရောက်တယ်ဆိုတာတွေ ဘာမှတွေးမဲ့လူ မဟုတ်ဘူး၊ သူလုပ်ချင်ရာ လုပ်နေမဲ့လူ ... သူ့မှာ အနိုင်တွေ အရှုံးတွေ မရှိဘူး"



"ဒါဆို ဘယ်သူမှ မရှုံးဘူးလား"

ယောင်ယောင်ကလေး ပြုံးဖြစ်၏။

"တရားသူကြီး ရှုံးတယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဒီအမှုမှာ တရားသူကြီးဟာ ဂီတသမားဘက်က ရပ်တည်ပြီး ပြစ်ဒဏ်ချရမယ် ... အဲဒါကို သုဘရာဇာလေးက ကျေနပ်မှာမဟုတ်ဘူး၊ မတရားသူကြီးတစ်ယောက်အဖြစ် မြင်သွားလိမ့်မယ် ... တရားသူကြီး သေလို့ရှိရင် သုဘရာဇာလေးဟာ သူ ထပ်တွေ့ခဲ့တဲ့ ဒုတိယ ငရဲကျင်းမှာ တရားသူကြီးကို မြှုပ်လိမ့်မယ် ... အဲဒါကြောင့် ဒီအမှုမှာ တရားသူကြီး ရှုံးသွားတယ်"

ကျွန်တော့်စကားအဆုံးမှာ အဖော်က လိုက်လှဲစွာရယ်၏။ သူ့ရယ်သံဝါဝါကြီးက အတော်နှင့် မစဲချေ။

"လာ ... လျှောက်ကြဦးစို့၊ အချိန်မရှိတော့ဘူး"

ခြေလှမ်းကို အရှိန်မြှင့်လိုက်ကြသည်။ ကောင်းကင်ကို မော့ကြည့်မိ၏။ ပျံလွှားတစ်အုပ်က ကျွန်တော်တို့ရှေ့မှ အကြိုပျံသန်းသွားလေသည်။

◆----◆

www.burmeseclassic.com

www.burmeseclassic.com

လူ နှင့် လေယာဉ်ပျံ

www.burmeseclassic.com

www.burmeseclassic.com



## ပုံပြင်

ပုံပြင်၏အစမှာတော့ ကလေးငယ်ငယ်တစ်ယောက် ကျောက်စမ်းရေအိုင်တစ်ခုနံဘေးမှာ ငါးထိုင်မျှားနေလေသည်။ ခဏအကြာမှာ နေ့စဉ် ပုံမှန်ဖြတ်သန်းနေကျ လေယာဉ်ပျံတစ်စီးက တိမ်အစင်းစင်းတို့ ခြုံရုံကာ၊ ထိုစမ်းရေအိုင်၏ အထက်မှ မနိမ့်မမြင့် ပျံသန်းသွား၏။

ငါးမျှားနေသော ကလေးငယ်သည် ထိုလေယာဉ်ပျံကို မြင်ကွင်းထဲမှ ပျောက်သွားသည်အထိ လိုက်လံငေးကြည့်နေမိ၏။

နောက်တော့မှ သက်ပြင်းတစ်ချက်ချကာ လက်ထဲမှ ငါးမျှားတံကို စိတ်မပါ လက်မပါနှင့် ဟိုဟိုသည်သည် ရမ်းခါနေတော့သည်။ သူ့စိတ်သည် လေယာဉ်ပျံနှင့်အတူ ပါသွား၏။ သူသည် ထိုလေယာဉ်ပျံကြီးမောင်းနှင်သူ ဖြစ်ချင်လိုလှပါတော့သည်။

ထိုသို့ဖြင့် ထိုပုံပြင်ကလေး၏ အစပိုင်းမှာပင် ကလေးငယ် ကြီးပြင်းသောအခါ သူ မျှော်လင့်သည့် လေယာဉ်ပိုင်းလော့ကြီး မောင်းသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်အဆုံးမှာတော့ လေယာဉ်ပိုင်းလော့ကြီးက လေယာဉ်ကို မောင်းနှင်၍ ဟိုးမြေပြင်ဆီမှ မှုန်ပျပျ မြင်ရရုံသာရှိသော ကျောက်စမ်းရေအိုင်ရှိရာကို ငုံ့ကြည့်သွားသည်။

ဤနေရာကို ဖြတ်တိုင်း လေယာဉ်ပိုင်းလော့သည် ဤသို့ ငုံ့ကြည့်တတ်မြဲ ... ၊ တွဲဘက်လိုက်ပါလာသူက တစ်နေ့မှာ မေးကြည့်မိသည်။ ထိုအခါ သူက သက်ပြင်းချ၏။ အရှေ့မှာ ပိတ်ဆို့ကာဆီးထားသော တိမ်ထုကြီးကို စိတ်ရှုပ်ထွေးစွာ ကြည့်ရင်း ပြန်ဖြေသည်။

"ကျုပ် ငယ်ငယ်တုန်းက ဒီနေရာလေးမှာထိုင်ပြီး အေးအေးဆေးဆေး ငါးမျှားနေလေ့ရှိတယ်ဗျ ... သိပ်ငြိမ်းချမ်း သိပ်ပျော်စရာကောင်းတယ်၊ အခုလို တာဝန်တွေနဲ့ ပိမနေဘဲ အင်မတန်လွတ်လပ်ပေါ့ပါးတယ်ဗျာ ... ရမယ်ဆိုရင် အဲဒီဘဝကို ပြန်လိုချင်တယ်"

စကားအဆုံးမှာ ပုံပြင်ဆုံးပါသည်။ လေယာဉ်ပိုင်းလော့ကြီး၏ ပင့်သက်ရှိုက်သံကိုပင် ကျွန်တော့်စိတ်ထဲမှ ကြားလိုက်ရသလို ရှိ၏။ ကျွန်တော့်မှာ တွေးစရာလေးတွေ ရလာပါသည်။

◆----◆

## အက်ဆေး

ကျွန်တော် စဉ်းစားမိသည်။ လူဆိုသည့် သတ္တဝါသည် 'မျှော်လင့်'တတ်သော သဘာဝရှိ၏။ ကိုယ် မျှော်လင့်သည်များ ဖြစ်မြောက်လာရန်၊ စွမ်းနိုင်သမျှ ကြိုးစားကြ၏။ အချို့ အောင်မြင်ကြသည်၊ အချို့ မအောင်မြင်ကြ။

အောင်မြင်သည် ဆိုပါစို့။ သူ မျှော်လင့်သည့်အရာများ ဖြစ်သွားသည် ဆိုပါစို့။ သူ့ဘဝ ပြီးပြည့်စုံသွားပြီလား။ စဉ်းစားစရာ ဖြစ်လာပါသည်။



တစ်ခါတစ်ခါမှာတော့ လူတစ်ယောက်၏ ဘဝအတွက် မျှော်လင့်ချက်ဆိုသည်မှာ လှပဆန်းကြယ်သော 'သိပ္ပံလွှန်လက်နက်'တစ်ခု ဖြစ်နေတတ်၏။ တစ်ခါတစ်ခါကျတော့လည်း ထိုမျှော်လင့်ချက်ကပင် ဘာနဲ့မှမတူအောင် မူးသည့်အိပ်မက်ဆေးခါးကြီးတစ်ခွက် ဖြစ်နေတတ်ပြန်သည်။ တစ်ခုကို လိုချင်လျှင် တစ်ခုကို ပေးဆပ်ရသည်။ ထိုလောကနိယာမတရားကို လေယာဉ်ပိုင်းလော့ကြီး နားမလည်ဘူးလား။ မရသေးတဲ့၊ မရတော့တဲ့၊ ဘဝတွေကို တမ်းတပြီး ဘာဖြစ်လို့ ဒုက္ခတွေကို တူးဖော်ခွဲစိတ်နေတာလဲ။

ပုံပြင်လေးကို ပြန်ဖတ်မိ၏။ ပုံပြင်ထဲမှ လေယာဉ်ပျံကြီးကတော့ မိုးကောင်းကင်မှာ ပျံသန်းနေဆဲ။

(ထိုလေယာဉ်ပျံကြီးထဲမှာ) ထိုလေယာဉ်ပိုင်းလော့ကြီးနှင့်အတူ ကျွန်တော်နှင့် အခြားလူများ လိုက်ပါနေသည် ဆိုပါစို့။

◆----◆

## ဝတ္ထု

ကျွန်တော့်နံဘေးမှ အမျိုးသမီးက ပြောသည်။ 'ရှင် ဒီပိုင်းလော့ကြီးအကြောင်းကို ဖတ်ဖူးလား ... ပုံပြင်ထဲမှာလေ' ရွေ့လျားနေသော တိမ်တိုက်များကို ပြတင်းမှန်မှတစ်ဆင့် ငေးကြည့်နေရင်း ခေါင်းညိတ်ပြလိုက်၏။ အမျိုးသမီးက ဆက်ပြောသည်။

"ကျွန်မလည်း ငယ်ငယ်ကတည်းက ဖတ်ဖူးတယ် ... အရမ်း

www.burmeseclassic.com

www.burmeseclassic.com



သဘောကျတာပဲ၊ ဟိုလေ … သနားစရာလည်း ကောင်းတယ်၊ ခင်စရာလည်း ကောင်းတယ်နော်"

ကျွန်တော် မည်သို့မျှ ပြန်မပြောရသေးခင် မျက်စောင်းထိုးခုံမှ လူက ဝင်ပြော၏။ 'ဟုတ်တယ်ဗျာ … ကျွန်တော်လည်း အဲဒီအတိုင်းပဲ ဒီပိုင်းလော့ကြီးကို ဘယ်လိုပြောရမလဲတောင် မသိဘူး၊ အဟဲ ဟဲ"

"ရှင်ကိုယ်ရှင် မထူးပါဘူး၊ ငါလည်း ဒီပိုင်းလော့ကြီးလိုပါပဲလို့ ရော မတွေးမိဘူးလား … "

"အို … တွေးမိတာပေါ့၊ အစစ်ပေါ့ … "

ထို့နောက် သူတို့ ပြိုင်တူရယ်ကြသည်။ ရယ်သံအဆုံးမှာ အမျိုးသမီးက

"ဒါနဲ့ နေပါဦး … အခု ကျွန်မတို့လေယာဉ်က ဘယ်ကွင်းမှာ ဆင်းမှာလဲ"

ထိုလူက သူ့ဘေးမှ လူကို လှည့်မေးသည်။

"ဘယ်ကွင်းမှာ ဆင်းမှာလဲဗျ … "

ထိုလူကလည်း ခေါင်းခါပြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။ ထိုစဉ်အချိန်မှာ လေယာဉ်မယ်လေး ရောက်လာသည်။

"ပိုင်းလော့ကြီးက မေးခိုင်းလိုက်ပါတယ်ရှင် … ဘယ်ကွင်းမှာ ဆင်းကြမှာလဲတဲ့"

"အင်း … "

ခရီးသည်များက လေယာဉ်မယ်လေးကို ကျော်ကာ ပိုင်းလော့ကြီးဆီ တိုက်ရိုက်လှမ်းမေး၏။

"ဘယ်ကွင်းမှာ ဆင်းမှာလဲ"

ပိုင်းလော့ကြီးက ဘာမှကြားပုံမပေါ်။ လေယာဉ်မယ်ကလေးကို ကျော်ကာ ခရီးသည်တွေဆီ တိုက်ရိုက်လှမ်းမေး၏။



"ဘယ်ကွင်းမှာ ဆင်းကြမှာလဲ … "

"အင်း … အင်း … ဘယ်ကွင်းလဲ"

"ဘယ်ကွင်းလဲ … ဆို … "

"ဟော့ … ဘယ်ကွင်းလဲလို့"

ပုံပြင်ထဲမှ လေယာဉ်ပျံကြီးကတော့ ပုံပြင်ထဲက မိုးကောင်းကင်မှာ ပျံသန်းနေဆဲ။ တိမ်နှင့်အတူ လွင့်ဝဲခြင်းဖြစ်၍ လှပမည်မှာလည်း သေချာပါ၏။

ပုံပြင်ထဲမှ လေယာဉ်ပျံကြီးကတော့ ပုံပြင်ထဲက မိုးကောင်းကင်မှာ ပျံသန်းနေဆဲ။ ပိုင်းလော့ကြီးလည်း ပါ၏။ ခရီးသည်များလည်း ပါ၏။ လေယာဉ်အပျံလမ်းတစ်လျှောက် စကားသံတွေက ဆူညံအုံ့သည်။

သို့သော် …

တစ်ခွန်းတည်း … ။

"ဘယ်ကွင်းမှာ ဆင်းမှာလဲ"

◆….◆

www.burmeseclassic.com

www.burmeseclassic.com

# လူ နှင့် ကံကြမ္မာမီးလှုံတဲ့ပြဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်ကာ မဖွင့်သေးပါ။

ကန့်လန့်ကာနောက်မှာ ဆောင်းဥတုတစ်ဝက် ရောက်ရှိနေပါသည်။ နှင်းစက်တစ်ခြမ်းကလည်း လွှမ်းလောက်အောင် မှိုင်းဝေဆင်းသက်လာ၏။ လောကတစ်နေရာမှ တယ်လီဖုန်းလေးတစ်ခုက 'ဟဲလိုဟဲလို' ဟု တကြော်ကြော်ခေါ်နေသည်။ လောကတစ်နေရာမှ အခြားတယ်လီဖုန်းလေးတစ်ခုက အံကလေးကိုကြိတ်ပြီး သူ့နားနှစ်ဖက်ကို ပိတ်ပစ်လိုက်သည်။

ထိုသို့ဖြင့်ပင် ကန့်လန့်ကာကို ဖွင့်ခဲ့ရပါတော့သည်။

၁။ ပျင်းစရာကောင်းတဲ့ နေ့လယ်ခင်းမို့လို့ ကျွန်တော်တို့ ဖဲကစားဖြစ်ကြပါတယ်။
(အဝေးဆီက ရထားတစ်စင်း ခုတ်မောင်းသံ ကြားနေရ)

၂။ ဖဲချပ်လေးတွေကို သူကိုင်တွယ်ပုံက ရဲရင့်စိမ်းပျို လှပနေတယ်။
နှင်းဆီလက်တံနဲ့ ဒရမ်ရိုက်ပြသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com




သူ့လက်များကနေ ဖဲပွင့်လေးတွေတဝေဝေ လွင့်ကျနေတယ်။

၃။ ခဲချပ်ကိုင်ပြီး ကျွန်တော် ငိုင်တွေမိခဲ့။

၄။ သူ့ဖဲက ဘာလဲ၊ ကိုယ့်ဖဲက ဘာလဲ၊ မသဲကွဲခင် ...
စားပွဲက ထလိုက်ပါတယ်။

၅။ ပြတင်းပေါက်ကို မျှော်ကြည့်တယ်။ ပြီး နာရီကို လှည့်ကြည့်တယ်။ နာရီက A ဖြစ်နေတယ်။
(A = ၁၃ နာရီတိတိတွင် ရပ်တန့်နေသော နာရီတစ်လုံး)

၆။ နှုတ်ခမ်းကို ဖွဖွကိုက်မိတယ်။ စိတ်ထဲကနေ ဂါထာတစ်ပုဒ်ကို ရွတ်လိုက်တယ်။ ဂါထာက B ဖြစ်နေတယ်။




( B )



၇။ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်တယ်။ သီချင်းတစ်ပုဒ်ကို အော်ဆိုလိုက်တယ်။ သီချင်းကတော့ C ဖြစ်ပါတယ်။
(C = သံဆူးကြိုးအပြတ်တစ်ချောင်း)

၈။ နောက်ဆုံးတော့ စကားတစ်ခွန်း ပြောကြရမှာပါ။
အဲဒီစကားက D ပေါ့။
(D = ထက်ပိုင်းကွဲနေသော နှင်းဆီတစ်ပွင့်)

၉။ (.... .... ..... .... .... အဝေးဆီမှ ဥသြဆွဲသံ ပါးပါးလေး ကြားနေရ)

၁၀။ ကဲ ... ကျွန်တော့်လက်ထဲက အလံကို ဝှေ့ယမ်းလိုက်ပါပြီ။
ဒါပေမဲ့ ...
ရင်ထဲက ဘူတာရုံကို ရထားဝင်မလာသေးဘူး။

၁၁။ တိတ်ဆိတ်သွားပြန်တယ်။
သူရယ် ... ကျွန်တော်ရယ် ...
တရွတ်တိုက်မျောနေတဲ့ A,B,C,D ... စတာတွေရယ် _ ။

◆....◆

www.burmeseclassic.com

www.burmeseclassic.com

လူ နှင့် သမ္မာကျမ်းစာ

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ထိုနေ့ရက် မိုက်ပါစေ။ ဘုရားသခင်သည် မျက်နှာပြတော်မမူပါစေနှင့်။ အလင်းမပေါ်ထွန်းပါစေနှင့်။ မှောင်မိုက် သေမင်းအရိပ်သည် ထိုနေ့ရက်အသရေကို ရှုတ်ချပါစေ။ မိုးတိမ် ထပ်လွှမ်းမိုးပါစေ။ ငွေ့နှင့်တည့်အရိုန်ဖြင့် ကြောက်မက်ဖွယ်ဖြစ်ပါစေ။ ထိုညဉ့်သည် မှောင်မိုက်၌ ရှောက်ပါစေ။ နှစ်စဉ် နေ့ရက်တို့နှင့် မပေါင်းပါစေနှင့်။ လအရေအတွက်၌ မဝင်ပါစေနှင့်။ သြော် … ထိုညဉ့်သည် ဆိတ်ညံ့ပါစေ။ ရွှင်လန်းသောအသံမရှိပါစေနှင့်။ နေ့ရက်ကိုရွေး၍ ကျိန်ဆဲတတ်သော သူ၊ မိကျောင်းကို တနှိုးစေတတ်သောသူတို့သည် ထိုညဉ့်ကို ကျိန်ဆဲပါစေ … ။ ညဦးယံကြယ်တို့သည် မိုက်ပါစေ။ ထိုညဉ့်သည် အလင်းကို တောင့်တ၍ မရပါစေနှင့်။ နံနက်မိုးလင်းကို မမြင်ပါစေနှင့်။ အကြောင်းမူကား ငါ့အမိ၏ ဝမ်းကို မပိတ်မထား။ ဒုက္ခဆင်းရဲကို ငါ မမြင်စေခြင်းငှာ မကွယ်မထား … ။

ယောဘဝတ္ထု ၃း၄-၉

www.burmeseclassic.com

www.burmeseclassic.com



စိမ့်နေအောင် အေးသည်။ မျှော်ကြည့်လျှင် ဘယ်ကိုမှ ကြည်လင်စွာမမြင်ရ၊ လေကလည်း အရိုးကွဲအောင်ပင် အော်သံပေး၍ တိုက်ခတ်နေသည်။ မှဆိုးသည် မီးဖိုနားမှ မခွာနိုင်ဖြစ်နေရပြီး ဆိုးဝါးကြမ်းကြုတ်လှသော ရာသီဥတုကို အော်ဟစ်ဆဲဆိုနေ၏။

အမဲလိုက်ခွေးသုံးကောင်ကတော့ သူတို့၏ အံစာကစားပွဲကိုပင် ဆက်ကစားနေသည်။ အံစာတုံးခေါက်သံ တဂျောက်ဂျောက်နှင့် သူတို့သုံးကောင်စလုံး လက်ရှိအခြေအနေကို ရှောင်ပုန်းနိုင်ရန် ကြိုးစားနေကြ၏။

ရာသီဥတု၏ အန္တရာယ်ကြောင့် ဘယ်ကိုမှ မထွက်နိုင်တော့ဘဲ ဤသစ်လုံးအိမ်ကလေးအတွင်းမှာ သူတို့အားလုံး ပိတ်လှောင်မိရက်သား ဖြစ်နေလေသည်။

၁။ မိုးသက်လေပြင်းကျသံ

‘ဝေါ’

၂။ အံစာတုံးခေါက်သံများ

‘ဂျောက်’

“ဂျောက် ... ဂျောက် ... ”

“ဂျောက် ... ဂျောက် ... ဂျောက်”

◆----◆

ဤအိမ်အရှင်သခင်ဖြစ်သော မှဆိုး၊ ကြက်နှစ်ကောင်၊ ဆိတ်တစ်ကောင်၊ နိုင်းနွားတစ်ကောင် ... [မှဆိုးက ဤအိမ်ကလေးအနီးမှာပင် တစ်နိုင်စာလယ်ကွက်ကလေးဖြင့် သူ့အတွက် စပါးစိုက်၏။] တော



လည်ရာတွင် မှဆိုးနှင့်အတူ လိုက်ရလေ့ရှိသော သူတို့ခွေးသုံးကောင်။

အားလုံးသည် အိမ်ကလေးထဲမှာ ကော့လန့်ကွေးဝပ်ရင်း ပြင်ပရာသီဥတုကို ငေးကြည့်နေကြသည်။

“ငါတို့ အံစာ ကစားရအောင် ... ”

အစာရေစာ ပြတ်လပ်စ ပြုလာသောအချိန်တွင် ... သူတို့သုံးကောင်က ဒုက္ခကို မေ့နိုင်ရန် ကြိုးစားကာ အံစာကစားပွဲကလေးကို ပြုလုပ်ခဲ့ကြသည်။

သူတို့၏ ကစားပွဲစချိန်မှာပဲ မှဆိုးက ကြက်နှစ်ကောင်ကို သတ်စားလိုက်သည်။ ကြက်၏ နောက်ဆုံးအော်မြည်သံနှင့် သူတို့၏ အံစာတုံး စတင်ခေါက်သံက ယှက်လိမ်ထွက်ပေါ်လာခဲ့၏။

‘အသံများ’

၁။ ကြက်အော်သံ

‘အွတ်’

၂။ အံစာတုံးခေါက်သံများ

‘ဂျောက်’

“ဂျောက် ... ဂျောက် ... ”

“ဂျောက် ... ဂျောက် ... ဂျောက်”

◆----◆

ရာသီဥတုက ပြန်လည်တည်ငြိမ်ခြင်းမရှိဘဲ ဆိုးဝါးသည်ထက် ဆိုးဝါးနေသည်ကို အံစာတုံးငုံ့ခေါက်နေရင်းက သူတို့တွေ သိရှိခံစားနေ

www.burmeseclassic.com

www.burmeseclassic.com



ကြရ၏ သူတို့၏ သက်ပြင်းချသံကို အံစာတုံးခေါက်သံနှင့်ပင် ပြန်ဖုံးလွှတ်လိုက်ကြပြန်သည်။

"ဂျောက် ... ဂျောက် ... ဂျောက်"

မဆုံးနိုင်သော အံစာကစားပွဲဖြစ်၍ တစ်ကောင်ပြီးတစ်ကောင် နိုင်လျက် တစ်ကောင်ပြီးတစ်ကောင် ရှုံးနေကြသည်။ ကစားပွဲအရှိန်မြင့်စ ပြုချိန်မှာပင် မုဆိုးက ဆိတ်ကို သတိစားလိုက်ပြန်၏။

"ငါတို့ကစားပွဲ ဘယ်တော့ပြီးမှာလဲ"

"ရာသီဥတု ပြန်ကြည်လင်တဲ့ တစ်နေ့ပေါ့"

၁။ ဆိတ်အော်သံ

'ပါး ... '

၂။ အံစာတုံးခေါက်သံများ

'ဂျောက်'

"ဂျောက် ... ဂျောက်"

"ဂျောက် ... ဂျောက် ... ဂျောက်"

◆----◆

"ရာသီဥတုက ပြန်ကြည်လင်ပါဦးမလားကွာ"

စိတ်ပျက်လက်ပျက်ဖြင့် တစ်ကောင်က ညည်းမိတော့ နောက်တစ်ကောင်က ပြန်ဖြေသည်။

"အခု အံစာတုံးခေါက်သလိုပေါ့။ မျက်နှာပြင်က ခြောက်ဖက်ရှိတယ် ... ငါတို့ ကျချင်တဲ့အပွင့် ကျဖို့အတွက် မျှော်လင့်ချက်ဟာ ခြောက်ပုံ တစ်ပုံ ရှိတယ်"



ထိုသို့ဖြင့် သူတို့ အံစာခေါက်မြဲ ဆက်ခေါက်နေလိုက်ကြသည်။

"ဂျောက် ... ဂျောက် ... ဂျောက်"

ထိုစဉ်အချိန်မှာပင် ...

အံစာတုံးခေါက်သံကို ဖုံးလွှမ်းသွားသော အော်သံကြီးတစ်ခု ပေါ်ပေါက်လာ၏။

သူတို့၏ အံစာကစားပွဲကလေးပင် ယောင်ယမ်းပြီး ခေတ္တရပ်သွားမိ၏။ သို့သော် ... အခြေအနေကို နားလည်သွားပြီးသည့်နောက် ဘာမှ မဖြစ်သလိုပင် သူတို့ ဆက်ခေါက်နေလိုက်ကြ၏။

၁။ နွားအော်သံ

'ဘူး ... '

၂။ အံစာတုံးခေါက်သံများ

'ဂျောက်'

"ဂျောက် ... ဂျောက်"

"ဂျောက် ... ဂျောက် ... ဂျောက်"

◆----◆

လိမ့်နေသော အံစာတုံးက တဖြည်းဖြည်းချင်း အရှိန်အဟုန်အားပျော့ကျလာသည်။ အံစာတုံးလိမ့်သံတစ်ချက်၏ အဆုံးမှာ

"နောက်ဆုံးအနေနဲ့ ဒီတစ်ချက်ခေါက်ကွာ ... "

အံစာတုံးတစ်ချက်ခေါက်၏။ နောက်ဆုံးအနေနဲ့ ဖြစ်စေ မည်သည့်အပွင့်ကျမှန်းပင် သူတို့မသိ။ လှည့်မကြည့်တော့ဘဲ ဆိုးဝါးလှသော ရာသီဥတုထဲကိုပင် သူတို့သုံးကောင် ပြေးထွက်သွားလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ မိုးသက်လေပြင်းကျသံ

'ဝေါ ...'

၂။ အံစာတုံးခေါက်သံများ

'ဂျောက် ...'

◆----◆

တစ်ကိုယ်လုံး တောင့်ခဲသွားနိုင်လောက်အောင် အေးသောရာသီဥတုထဲမှာပင် သူတို့၏သွေးတွေ ပူနွေးနေကြ၏။

"ကိုယ့်ခိုင်းနွားကိုတောင်မှ သတ်စားတဲ့လူဆီမှာ ငါတို့ မနေသင့်တော့ဘူး ..."

"အေး ... ဟုတ်တယ်၊ ငါတို့ ခု ဘယ်သွားကြမလဲ"

"တစ်နေရာရာကိုသွားရင် ရပါတယ် ... ဒါပေမဲ့ မသွားသေးဘဲ လောကကြီးရဲ့ အထူးခြားဆုံးပြပွဲကလေးကို စောင့်ကြည့်ရင် ကောင်းမယ်ထင်တယ် ..."

"ပြပွဲ ... ဟုတ်လား၊ ဘာပြပွဲလဲ"

"ခုဆိုရင် ငါတို့ရဲ့ မုဆိုးမှာ သတ်စားစရာ ဘာကောင်မှ မရှိတော့ဘူး၊ ဘာကောင်ကိုမှ သတ်စားလို့မရတော့တဲ့အတွက် သူဟာ သူ့ကိုယ်သူ သတ်စားလိမ့်မယ် ... အဲဒါဟာ လောကရဲ့ အထူးခြားဆုံး ပြပွဲလေးတစ်ခုလို့ ငါ ယူဆတယ်၊ ငါတို့ အဲဒါကို စောင့်ကြည့်သွားကြရင် ကောင်းမယ်"

သစ်လုံးအိမ်ကလေး၏ အနီးအပါး တစ်နေရာမှာပင် ထိုပြပွဲကို ကြည့်ရှုရန် သူတို့ စောင့်ဆိုင်းနေလိုက်ကြသည်။



"ငါတို့ နောက်ဆုံးခေါက်ခဲ့တဲ့ အံစာတုံးလေးက သူ့အတွက်ဘဲ အပွင့်ဘယ်လောက်ကျမယ် ထင်သလဲ"

လှည့်မကြည့်ခဲ့မိသဖြင့် မည်သူမှ မသိကြ။ နှင်းပွင့်တွေကသာ မီးပွားတွေလို တဖွားဖွားကျလာနေသည်။

လူသည် သူငှားကဲ့သို့ မိမိနေ့ရက်ကို လွန်စေသည့်တိုင်အောင် ငြိမ်ဝပ်ရသောအခွင့်ကို ပေးတော်မူ၏။ သစ်ပင်ကို ခုတ်သော်လည်း အငုတ်အချည်း စည်းမရှိဘဲ အတက်ပေါက်လေဦးမည်ဟု မျှော်လင့်စရာရှိ၏။ မြေထဲမှာ အမြစ်ဟောင်း၍ မြေပေါ်မှာ အငုတ်သေသော်လည်း ရေငွေ့ကြောင့် အတက်ပေါက်၍ ပျိုးပင်ကဲ့သို့ အညွန့်တို့နှင့် ပြည့်စုံလိမ့်မည်။ လူမူကား သေ၍ ဆွေးမြည့်တတ်၏။

ယောဘဝတ္ထု ၁၄း၆-၁၀

◆----◆